
မြနှောင်းဦး
တံ့ကျော်ရိပ်ကာ
ကြိုးနေမယ်

# ကံ့ကော်ရိပ်က ကြိုနေမယ်

ငယ်ချစ်လွမ်းနေမှာလား ငယ်ချစ်မုန်းနေလေမှာလား.....

စိမ်းနု၏ ဖခင်သည် စောစီးစွာ ကွယ်လွန်သွားခဲ့သည်။ သူမ လူလားမမြောက်မီမှာပင် မိခင် ကလည်း ထာဝရ ခွဲခွာသွားခဲ့ပြန်သည်။

အဖမဲ့သားနေဘွားနှင့် မိဘမဲ့စိမ်းနုတို့ ငယ်သူငယ်ချင်းနှစ်ယောက်သည် တစ်ဦးပေါ်တစ် ဦး စာနာယိုင်းပင် ကြင်နာခြင်း သမုဒယတွေ ခိုင်ခိုင်မြဲမြဲ တွယ်တာနှောင်တဲ့ခဲ့ကြသည်။

တစ်လောကလုံးတွင် တစ်ဦးတည်း အားထားရာဖြစ်သော အစ်မကြီးထံတွင် စိမ်းအေးနု လိုက်ပါနေထိုင်ခဲ့သည်။ ခဲအို၏ ထိပါးကြံစည်မှုကြောင့် သူမ၏ ဘဝသည် မလုံခြုံခဲ့။

ငယ်ချစ်နေဘွားကလည်း တက်လမ်း အညွန့်တလူလူနှင့် ဆေးကျောင်းရောက်စ ဘဝ အခြေ မခိုင်ခန့်သေး။

နောက်ဆုံးတော့ စိမ်းအေးနုသည် မိခင်နှင့်အမတို့၏ အားကိုးအားထားရာခြင်းမည်သော အိမ်ထောင်ရေးဒဿနအတိုင်း ကျင့်သုံးကာ အရာရှိဦးသက်တင်နှင့် လက်ထပ်လိုက်လေသည်။

သို့တစေ ဦးသက်တင် ကွယ်လွန်သွားချိန်တွင် စိမ်းအေးနုမှာ ကလေးသုံးယောက်နှင့် ကျန် ရစ်ခဲ့သည်။

သည်တစ်ကြိမ်မှာလည်း မိသားစုတာဝန်တွေ ပိနေသောဆရာဝန်လောင်းချစ်သူကို စွန့် လွှတ်ရပြန်သည်။ ရှိရင်းစွဲ အားမာန်နှင့် မှဆိုးမဘဝကို ရင်ဆိုင်ကာ ရုန်းကန်လှုပ်ရှားရင်း ကိုယ့်အား ကိုယ်ကိုးတတ်လာသည်။

စိမ်းအေးနုမရရှိခဲ့သော တက္ကသိုလ်ပညာကို

သားသမီးတွေရရှိစေချင်သည့်ဇောနှင့် ဥစ္စာ ငွေကြေး တတ်စွမ်းသမျှ ရှာဖွေသည်။ ထိုအခါ သမာအာဇီဝဟု ဆိုရစေကာမူ စေတနာအင်အား နည်းပးလာသလို ကြင်နာစိတ်တွေကိုလည်း မျိုသိပ်ဘေးဖယ်ထားတတ်လာသည်။ သည်အတွက် မိမိကိုမိမိ သိရှိသိပ်ငယ်မိသည့်တိုင် သည်လမ်းကိုသာ ဆက်လျှောက်ဖြစ်နေ၏ ။

သားကြီးကိုကို၏ အကူအညီကို စီးပွားရေးအတွက် မရှောင်မလွှဲသာ ရယူနေရသောကြောင့် သူ့ပညာရေးမှာ စိတ်ရှိတိုင်းအားပေးနိုးဆော်ခြင်း မပြုသာ၊ အငယ်နှစ်ယောက်ကျပြန်တော့ သား လတ်ညီညီက တေချင် ပေချင်သည်။ သမီးယွန်းသည်သာ စိမ်းအေးနု၏ မျှော်မှန်းချက်တွေ ဖြည့်ပေးနိုင်သူပါ။

ဘဝခရီးလမ်းကို တစ်လမ်းစီ လျှောက်ခဲ့ကြသော ငယ်ကျွမ်းချစ်သူတို့သည် တချိုးတကွေ့ မှာ မမျှော်လင့်ဘဲ ပြန်လည်တွေ့ဆုံကြပြန်သည်။ စိမ်းအေးနုသည် ငယ်ချစ်ဦးက လွမ်းနေချစ်နေဆဲ လား၊ မုန်းတီးစိတ်နာနေသလားဟု ကာလရှည်ကြာ အဖြေရှာ စိုးရွံ့တွေးဆမိလာသမျှ ခုတော့ သေ ချာသိခွင့်ရပါပြီ။

တစ်ခါက လွမ်းရေးထက် ဝမ်းရေးခက်ခဲဖူးသူ မိခင်၏ အနာဂတ်ရေးရာတွင် သမီးငယ်ယွန်း က အလောင်းအစားလုပ်လာပြန်သောအခါ................

***

ယွန်းသည် ကျောင်းလွှတ်ခေါင်းလောင်းထိုးသည့်တိုင် တွက်လက်စ ဂျီဩမေဂြီပုစ္ဆာကို အဖြေမထုတ်နိုင်သေး။

“ဟိတ် ....... ယွန်း၊ လက်ဖယ်လိုက်ဟယ်၊ မမြင်ရဘူး”

နီတာလွင်က ယွန်း၏ ညာဘက်မှာ တိုင်သည်။ ယွန်းက စာအုပ်ထိပ်မှာ

ဘယ်လက်ကို အမှတ်တမဲ့ တင်ထားတာမို့ နီတာကူးချဖို့ အခက်အခဲ တွေ့နေဟန် တူလေသည်။

“စာအုပ်တွေယူခဲ့ကြတော့၊ မစောင့်နိုင်တော့ဘူး၊ ဆရာမကားကြုံမရဘဲနေမယ်”

ဆရာမလည်း လောနေပြီ၊ ယွန်းကတော့ ရတတ်သမျှအချိန်လေးမှာ သူ၏ ပုစ္ဆာကိုသာ သဲသဲမဲမဲ သက်သေထုတ်အဖြေရှာနေလေ၏ ။

“ယွန်း လက်ဖယ်လိုက်ဆို ...........”

သည်တော့မှ ယွန်းမျက်နှာ မော်ကြည့်ကာ နီတာဘာပြောပါလိမ့်၊ မျက်မှောင်ကြုတ် စဉ်းစား ရသည်။ ချက်ချင်းအဓိပ္ပာယ်ပေါက်သွားဟန် နှုတ်ခမ်းစူကာ ခေါင်းသွက်သွက်ခါလေ၏ ။

“အာ ...... ဆရာမ စာအုပ်တောင်းနေပြီ၊ နင်ကူးနေလဲ မမီတော့ဘူး၊ ငါ့ဘာသာ အဖြေမ ထွက်လို့ စိတ်ပိန်ရတဲ့အထဲ”

တစ်ခါ တစ်ခါလည်း သူငယ်ချင်းကို ငဲ့ကွက်မနေနိုင်တာတွေ ရှိပေမှာပေ့ါ၊ အချိန်သည် တ ရွေ့ရွေ့ ပြောင်းလဲကုန်ဆုံးသွားတာ၊ အချို့အလုပ်တွေသည် နောက်တစ်ချိန်မှာ ပြန်လုပ်နိုင်သေး သော်လည်း တချို့မှုကား သည်အချိန် သည်အပိုင်း အခြားအတွင်းမှု အပြီးမသတ်လိုက်နိုင်ပါလျှင် ထာဝရ ဆုံးရှုံးသွားနိုင်တာမျိုးကလား။

သည်ပုစ္ဆာကလည်း ယခု အဖြေထုတ်နိုင်ပါမှ တော်ကြာစာအုပ်သိမ်းသွားမှဖြင့် သည်လေ့ ကျင့်ခန်းအတွက် ယွန်း ဘယ်မှာ အမှတ်ပြည့်ရနိုင်မှာလဲ၊ နောက်တစ်ခေါက် ပေးသောလေ့ကျင့်ခန်း ဟာ နောက်တစ်ခုပဲ မဟုတ်လား။

“ယွန်းရေ၊ သမီးစာအုပ်တစ်အုပ်ပဲ လိုတော့တယ်”

ယွန်းသည် ဆရာမအသံကိုကြားသဖြင့် နေရာမှ
မတ်တတ်ထရပ်လိုက်သော်လည်း လက် ကိုအသော့နှင်ဆဲ။ ယွန်း အဖြေရနေပြီ။

"ဆရာမ ကားမမီဘဲ နေမယ်လေ ယွန်း"

အပြီးသတ်လိုက်နိုင်ပြီ။

ယွန်းသည် လွယ်အိတ်ထဲသို့ စာရေးခုံပေါ်မှ ပေတံ၊ ခဲတံ၊ ကွန်ပါဘူးအားလုံး ကောက်ယူ ထိုးသိပ်ထည့်ရင်း လေ့ကျင့်ခန်းစာအုပ်ကိုလည်း လက်တစ်ဖက်နှင့်ကောက်ယူကာ ဆရာမဆီခြေ ကုန်သုတ်ခဲ့ရာ ဟပ်ထိုးလဲလုနီးပါး ဖြစ်သွားလေသည်။

"ဖြည်းဖြည်းလာပါ ယွန်းရဲ့"

ဆရာမက ပြုံးရယ်လေသည်။

အတန်းသား ခုနှစ်ဆယ့်နှစ်ယောက်၏ စာအုပ်ပုံကြီးနှစ်ပုံကို ကျောင်းသားတစ်ယောက်နှင့် ယွန်း ခွဲဝေသယ်ယူသည်။ မနိုင်မနင်း ဖြစ်နေသေးသဖြင့် နီတာကပါ ခွဲဝေယူရလေသည်။

ယွန်းတို့က လေ့ကျင့်ခန်းမှန်မှန်စစ် မှန်မှန်ဖျက်ပေးသော ဆရာမလေးကို များစွာအားကိုး ခင်တွယ်လေသည်။ ဆရာမသည် ဆရာမတွေအခန်းရှိ သူ့မဗီရိုမှာ စာအုပ်တွေထည့်ကာ သော့ ပိတ်ထားခဲ့ပြီး ဆယ်အုပ်သာလျှင် ကြိမ်ခြင်းထဲ ကျပ်ကျပ်သိပ်သိပ် ထည့်ယူသွားသည်။ ယွန်းသည် သူမ၏ စာအုပ်ကလေးဆရာမနှင့် ပါသွားသဖြင့် ကျေနပ်ကာ ကျန်ရစ်လေ၏ ။

တန်းခွဲဘီမှ သင်္ချာဆရာသည် ယွန်းတို့ဆရာမလို အတန်းချိန်မှာ လေ့ကျင့်ခန်းတွေပေးပြီး စစ်ဆေးလေ့မရှိ၊ အိမ်တွက်တွေပေးလိုက်ကာ ကိုယ့်ဘာသာကိုယ် တွက်ခိုင်းပြီး နားမလည်၍ ပြန်မေးမှသာ ရှင်းပြလေ့ရှိသည်။ သည်တော့ ကြိုးစားသူတွေသာ တွက်ချက်လေ့လာမှာဖြစ်ပြီး ခပ် ပျင်းပျင်း

ခပ်လေလေသမားတွေတော့ မေးခွန်းတောင်စုံစေ့အောင်ကူးဖြစ်မှာမဟုတ်၊ ယွန်းတို့ သချာဆရာမလေးကတော့ အတန်းသား အားလုံး၏ အဖြေစာအုပ်တွေကို စစ်ဆေးပေးလေ့ရှိ လေ ၏ ။

ဆရာဖြစ်စမို့ တက်ကြွနေတာပါ၊ တန်းခွဲတစ်ခု ခုနှစ်ဆယ်ကျော်ကို သုံးလေးခုကိုင်နေရတာ ၊ ဒီကျောင်းသားသုံးရာနီးနီးကို ဘယ်လောက်ကြာကြာ အမှတ်ခြစ်ပေးနိုင်မှာလဲဟု ဆရာမအချင်း ချင်း စကားတင်ဆိုတာလည်း ယွန်းတို့ မတော်တဆကြားရဖူးသည်။

ဘာပဲဖြစ်ဖြစ် ဆရာမလေးကတော့ တစ်လ တစ်လချင်း အနည်းဆုံး တစ်ကြိမ်တော့ စာစစ် ပေး ပေးတတ်တာ ယခုနှစ်ဝက်ပင် ကျိုးခဲ့ပြီပဲ။

ကျောင်းမှအထွက်တွင် နီတာနှင့် လမ်းခွဲခဲ့သည်။ နီတာက ဘတ်စ်ကားစီးရမှာ ယွန်းက တော့ ကျူရှင်တာဝေးတာ ကျောင်းက အိမ်နှင့်နီးနီးကလေးမို့ လမ်းလျှောက်ပြန်ရုံပါပဲ။

ယွန်းနှင့် နီတာသည် နဝမတန်းမှာ တစ်ခန်းတည်းမှာ တစ်ခုံတည်းအတူ ထိုင်ရသည်။

စာကြိုးစားသော နီတာသည် စာတော်သော ယွန်းကိုအထင်ကြီး ခင်မင်လေသည်။ငွေကြေး ချမ်းသာပါလျှက် ရိုးရိုးကုတ်ကုတ်နေတတ်သော နီတာ့ကို ယွန်းကလည်း အပြန်အလှန်ခင်မင်ကာ နီတာ့ဦးနှောက်လိုက်မမီသော စာတွေကို ယွန်း စိတ်ပါလက်ပါ သင်ပြပေးသည်။ နီတာ့ကို သင်ပြ ခြင်းဖြင့် သူငယ်ချင်းလည်းတတ်၊ ယွန်းလည်း စာတွေပိုပြီး ကြေညက်နိုင်တာ မဟုတ်လား။

“ယွန်းရေ ယွန်း၊ ညီညီရယ် ပိုင်စိုးတို့နဲ့ ရန်ဖြစ်နေတယ်၊ ဟိုး ရှေ့မှာ ...........”

ယွန်းနောက်မှ နီတာ့အသံစူးစူးနှင့် တဖုတ်ဖုတ်ပြန်ပြေးလာသော ခြေသံကြောင့် ရင်ထဲ ဒိတ်ခနဲလှိုက်ခုန်ကာ လှည့်ကြည့်မိသည်။

နီတာသည် စောစောက သူမပြန်ရာလမ်းဆီ လက်ညှိုးညွှန်ရင်း အထိတ်တလန့် ဖြစ်နေလေ သည်။

ယွန်းလှမ်းကြည့်လိုက်တော့ လူတွေ အုတ်အုတ်ကျက်ကျက် ရုတ်ရုတ်သဲသဲဖြစ်နေတာ မြင် သည်။ သို့သော်လည်း ညီညီရယ်၊ ပိုင်စိုးရယ် မခွဲခြားနိုင်ပေ။

“အမြဲအစဉ် ရန်လိုလွန်းသော ညီ့ကို စိတ်တိုတိုနှင့် ..............”

“ဖြစ်ပစေဟာ ဆိုကာ ကျောခိုင်းဆဲ ........”

“သွေးတွေနဲ့ယွန်းရဲ့၊ ခေါင်းကွဲသွားသလား မသိဘူး”

ဟု နီတာက ပူပန်စွာ ပြောလိုက်သည်။

“ဟင်..........”.

သွေးတွေနဲ့ဟဲ့။

ယွန်းကိုယွန်း သတိမထားလိုက်နိုင်မှာဘဲ နီတာ ညွှန်ပြသော လူစုဆီသို့ ခြေလှမ်းပြင်မိ တော့သည်။ တမျှော်တခေါ် အကွာအဝေးဆီသို့ ဘယ်လို အလျင်နှုန်းနှင့်များ ယွန်းရောက်သွား သည် မသိပေ။ နီတာ အဝေးကြီးမှာ ပြတ်ကျန်ရစ်တာပင် ယွန်း သတိမပြုနိုင်ခဲ့။

ယွန်း မျက်စိတွေ ပြာဝေသွားသည်။

ညီလေ....... ညီ၊ ညီ့နဖူးမှာ သွေးချင်းချင်းနီကာ မျက်လုံးတွေဆီလည်း စီးဆင်းလို့ပါလား။

ညီလက်တစ်ဖက်တစ်ချက်ကို ပိုင်စိုးနှင့် နောက်တစ်ယောက်က ချုပ်ကိုင်ထားသည်။

ယွန်းရင်မှာ မျက်ခနဲ နာကျင်သွားသည်နှင့်အမျှ ဒေါသမီး တလက်လက်

ဖြာထွက်လာလေ သည်။

လေ့ကျင့်ထားလျှင်ပင် ဤမျှ လက်မှန်းတည့်နိုင်ပါ့မလာမသိ၊ ခုတော့ ယွန်းမြေကြီးပေါ်မှ ကောက်ယူပြီး လမ်းထုလိုက်သော အုတ်ခဲကျိုးသည် ပိုင်စိုး၏ ဗယ်ဘက်ချိုစောင်းကို အရှိန်အဟုန် ကောင်းစွာ ထိမှန်လျှက် ပိုင်စိုး ယိမ်းယိုင်သွားလေ၏ ။ ကျောင်းသားများသည် ဒေါသတကြီး ပြေး လာနေသော ယွန်းကို မြင်လျှင် ယွန်းလက်ချက်မှန်း သိပါလျက် ကြိုတင်မမျှော်လင့်ထားသော ကြောင့် ကြက်သေသေကာ ဘေးသို့ရှဲပေးလိုက်ကြလေသည်။

ပိုင်စိုးသည်လည်း ယွန်းကို တအံ့တဩငေးကြည့်ရင်း ဘယ်လက်ဖြင့် သူ့ဦးခေါင်းကို စမ်း ကြည့်သည်။ ထိတ်လန့်သွားဟန် သူ့လက်ကို ပြန်ကြည့်သည်။ ပိုင်စိုးလက်မှာ နီစွေးစွေးသွေးများ စွန်းထင်းနေလေ၏ ။

“ဟာ ......သွေးတွေ ......”

ညှို့ထံမှ အထိတ်တလန့် အော်သံအဆုံး ညှို့ဘယ်လက်မှကျောင်းသားသည် ခေါက်ခနဲ ခွေ ကျသွားသည်။

ယွန်းသည် ညီနှင့်ပိုင်စိုးက ထိုကျောင်းသားကို ထုပွဲ့နေသည့်နံဘေးတွင် ရပ်လိုက်သည်။ အနီးမှာတွေ့သော သစ်ကိုင်းကျိုးတစ်ချောင်းကိုလည်း ဖျတ်ခနဲ ကောက်ကိုင်ကာ အသင့်ပြင်အနေ အထားနှင့် ညှို့အနီး တိုးကပ်နေလိုက်သည်။

ညီသည် ယွန်းကိုမော့ကြည့်ရင်း တက်ခေါက်လိုက်လေသည်။

“နင် ဘာလာလုပ်တာလဲ မိယွန်း၊ သွား ........ ခုချက်ချင်းပြန် ............”

“ပိုင်စိုးတို့ကို ငြိုးမာန်ဖွဲ့ထားသော ယွန်း၏ ဒေါသသည် မခံချိမခံသာ ညှို့ဘက်သို့ မြားဦး ပြောင်းသွားတော့သည်။ သူ့ကိုစိုးရိမ်ပြီး လာရသော ယွန်းကို

သူက သည်လို ဆူငေါက်ရမတဲ့ လား……”

“ဘာလို့ပြန်ရမလဲ၊ မပြန်ဘူး၊ ညီနဲ့မှ ပြန်မယ်”

နံဘေးမှ ကျောင်းတွေ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

“ဟိုကောင် သဲမောင်က သွေးမြင်လန့်တတ်တယ်၊ ညီညီသွေးမြင်ကတည်းက ဒီကောင် မျက်နှာ သွေးဆုတ်နေတာ”

ဟု တစ်ယောက်က ပြောသည်။

“ယွန်းက ဘာလို့ ပိုင်စိုးကို အုတ်ခဲကျိုးနဲ့ ထုရတာ လဲ”

ဟု တစ်ယောက်က မကျေမနပ် ဟိန်းဟောက်လိုက်၏ ။

ယွန်းက လက်တစ်ဖက်ကို ခါးပေါ်တင်ကာ မထေမဲ့မြင်နှုတ်ခမ်းကလေး မဲ့ပြသည်။

“ကိုယ့်အစ်ကိုကို နှစ်ယောက်နဲ့ တစ်ယောက် သွေးထွက်သံယိုဖြစ်အောင် မိန်းမလို မိန်းမရ ဝိုင်းချုပ်ထိုးကြိတ်ထားတာကို တို့က လက်ပိုက်ကြည့်နေရမလား ………”

ယွန်းက တင်းတင်းမာမာ ဖြေကြားလိုက်သည်တွင် ကျောင်းသားတွေထံမှ ဟိုက်ခနဲ အာမေ ဋိတ်သံ ထွက်ပေါ်လာလေ၏ ။

“ပြဿနာပဲ”

“ရှုပ်ကုန်ပြီ ……..”

ယွန်းသည် ညီ့နဖူးမှာ တစ်လက်မလောက် ဟက်တက်ကွဲကာ သွေးရဲရဲ ဖြာထွက်နေတာ ကြည့်ရင်း နှုတ်ခမ်းကလေးဖိကိုက်ကာ မချိတင်ကဲ ပိုင်စိုးကို ဒေါသထွက်မိပြန်လေ၏ ။

“မှားကုန်ပြီ ………မှားကုန်ပြီ”

တစ်ယောက်ယောက်က အော်ညည်းသည်။

“ညီညီနဲ့ လမ်းသရဲတွေ ရန်ဖြစ်တာကို ပိုင်စိုးတို့က ဝင်ကူတာပါ။ ငါတို့တွေ ကျောင်းဆင်း လာတော့ ဟိုကောင်တွေမဟန်ဘူးဆိုပြီး လစ်ပြေးကုန်တာပါကွာ”

ဆယ်တန်းကျောင်းသားကြီး တစ်ယောက်က ဝင်ရောက်ဖြေရှင်းသည်။

ယွန်းမယုံကြည်သေး။

သို့သော် ကိုစိတ်တို ညီညီ၏ ဒေါသနှင့် မောနင့်ပြောလိုက်သောစကားက အရာခပ်သိမ်း ရှင်းလင်းသွားစေလေ၏ ။

ယွန်ကလဲ နင်လုပ်လိုက်မှဖြင့် သောက်တလွဲချည်းပဲ တဲ့။

“ထို အစ်ကို ကျောင်းသားကြီးကပင်.........”

“မင်းတို့သုံးယောက်လုံး ဆေးရုံသွားမှဖြစ်မယ်၊ ဆိုက်ကားခေါ်ကြဟေ့ .......”

အရုံသင့်တွေ့ရသော လာနေသည့်ဆိုက်ကား တစ်စီးကို ကျောင်းသားတွေ ဝိုင်းထားလိုက် ကြသည်။

ယွန်းသည် ညှိနဖူးမှ ဒဏ်ရာ ဘယ်လောက်နက်သွားသလဲသေချာကြည့်ချင်သော်လည်း ညှိုပါးစပ်မှ ပြောင်မြောက်သောစကားလုံးတွေ ထွက်လာမှာ ကြောက်လန့်ကာ ခြေတုံ့ချတုံ့စဉ်းစား နေရသည်။

ယခုမှ ပိုင်စိုးကို အားနာလာသည်။

ညီနှင့် ပိုင်စိုးက အချိုးမပြေ ဖြစ်နေတာဆိုတော့ ယွန်းက သူတို့ကို အတူတွေ့သည်နှင့် တစ်ပြိုင်နက် သူတို့ချင်း ရန်ဖြစ်နေတာပဲဟု တထစ်ချ ကောက်ချက်ချ လိုက်မိပေတာပေ့ါ။

ယွန်းသည် လွယ်အိတ်ထဲမှ လက်ကိုင်ပဝါလေးကိုထုတ်ကာ ညီ့နဖူးမှ သွေးတွေကို သုတ် ပေးဖို့ ဟန်ပြင်သည်။ ညီ ဟောက်ထည့်လိုက်မှာ စိုးရွံ့ကာ လက်တွန့်သွားပြန်၏ ။

ပိုင်စိုးဘက်သို့ မရဲတရဲ လှည့်ကြည့်မိသည်။

ပိုင်စိုးတို့သည် သဲမောင်ကို ဆိုက်ကားရှေ့ခန်းသို့ ပွေ့တင်နေကြလေသည်။ ပိုင်စိုး ခေါင်း မှာလည်း သွေးသံရဲရဲနှင့်၊ သူ့သွေးကမှ ယွန်းလက်ချက်နှင့် ထွက်ရသည့်သွေး။

"ညီညီ ....... လာလေ၊ မင်း နောက်က ထိုင် ......."

ညီ့ကိုဦးစားပေးသော ပိုင်စိုးကို ကျေးဇူးတင်ရပြန်သည်။ ညီ ဆေးရုံသို့ အမြန်ရောက်စေ ချင်တာမို့ ယွန်းသည် မာန်ပြေငြိမ်းသော မျက်လုံးများဖြင့် ပိုင်စိုးကို တောင်ပန်ရိပ်ပြရလေသည်။

ယွန်း ညီ့လက်မောင်းကို လှမ်းဆွဲသည်။

"ဟိုကားပေါ်တက်လေ .........ညီ"

"ဟာ ..... နေပါစေ၊ မဖြစ်လောက်ပါဘူး၊ ပိုင်စိုး ........ မင်းပဲလိုက်သွားပါ"

"ဟာ ..... မင်းလဲလာပါ၊ ငါက ဒီအစ်ကို့စက်ဘီး ကယ်ရီယာမှာထိုင်လိုက်ရင် ပြီးတာပဲ"

ညီသည် ခေါင်းခါယမ်းကာ ထိုလူစုကြားမှ ဖဲကြဉ်ထွက်ခွာသည်။

"ညီညီ....... မင်းဒဏ်ရာကို ချုပ်ဖို့လိုမယ် ထင်တယ်"

ပိုင်စိုး တငင်ငင်လိုက်ခေါ်ဆဲမှာပဲ ဆိုက်ကားလည်း လိမ့်ထွက်စပြုပြီ။

"နေပူတော့ သွေးထွက်များတယ်၊ ပိုင်စိုး ....... လာ လာ၊ သဲမောင်ကိုလဲ

မြန်မြန်ခေါ်သွားဖို့ လိုသေးတယ်”

ဟု ပိုင်စိုး၏ သူငယ်ချင်း တစ်ယောက်က ပိုင်စိုးကိုဆွဲခေါ်သည်။

“နောက်တစ်ယောက်ကတော့ ..........”

“သံယောဇဉ် ဖြတ်လိုက် ........သူငယ်ချင်း”

ဟု မကြားတကြား ရှိလေသည်။ အသံမကျယ် ဝံ့တာက သူတို့ညီ့ကို လန့်ရတာ ကိုး။

ညီထွက်ခွာသွားရာနောက်သို့ ယွန်းအပြေးလိုက်ရပြန်သည်။

ယွန်း သမင်လည်ပြန် အကြည့် ဆိုက်ကား နောက်ခုံမှာထိုင်ကာ ဘယ်လက်နှင့် သဲမောင်း ကို ထိန်းကိုင်သိုင်းဖက်ထားသော ပိုင်စိုးက ညာလက်ကို မြှောက်ပြ နှုတ်ဆက်သည်။

ယွန်း ရှေ့ဘက်မျက်နှာ ပြန်လှည့်ကာ ညီ့နောက်ပြေးလိုက်ရပြန်သည်။

“ညီ ရော့ .......”

“ဘာလဲ”

“ဒဏ်ရာကို လက်ကိုင်ပဝါနဲ့ အုပ်ထားလေ”

ယွန်းလှမ်းပေးသော လက်ကိုင်ပဝါကို ချက်ချင်းမယူဘဲ စဉ်းစားနေသေးသည်။

“နှပ်ချေးညှစ်ထားသလား”

ကြည့်ပါလား။ ဘယ်လောက်မုန်းစရာ ကောင်းလိုက်သလဲ။

ယွန်းမျက်နှာ အိုသွားသော်လည်း ညီ့နဖူးမှ ဒဏ်ရာကိုထောက်ထားကာ ဒေါသကို ဖြေ လျှော့ရ၏ ။

“ညီကလဲဟယ် ...... သန့်ပါတယ်”

ညီသည် သူ့နဖူး၊ မျက်လုံးတို့ကို လက်ကိုင်ပဝါနှင့် တို့ကာ သွေးများကို ကြည့်သည်။ သူ ထိတ်လန့်သွားလေသည်။

“သွေးတွေ များလှချေလား”

“ဒါကြောင့် ဆေးရုံသွားပါဆိုတာ ညီမှ မသွားဘဲ”

“တော်တော် ကွဲသွားလား”

“ကွဲတာပေါ့၊ တစ်လက်မလောက် ဟက်တက်ကြီး၊ ဘယ်လောက်နက်သလဲ မသိဘူး၊ နက် တော့ နက်မယ်”

ယွန်းသည် ညီ့အတွက်စိတ်ပူလာပြန်သည်။

“ခေါင်းဒဏ်ရာဟာ ဦးနှောက် ထိခိုက်တတ်တယ်တဲ့ ညီ၊ ဆေးရုံသွားကြရအောင် ........”

“ဟာ ..... ခုပဲ မသွားဘူး ပြောခဲ့ပြီဟာ ......”

“မသွားဘူး ပြောခဲ့လဲ ပြန်သွားချင်သွားလို့ရတာ ပေါ့။ ဒါများပြဿနာလုပ်မနေပါနဲ့”

ညီ ပေကပ်ကပ် လုပ်နေပြန်သည်။

“ဒါဖြင့် မေမေ့ဆေးခန်း သွားမလား ..........”

ညီ မျက်နှာကြည့်သွားကာ ခေါင်းညိတ်သည်။ ယွန်းနှင့်ညီကား မေမေ့ဆေးခန်းကို ရောက်ခဲ လှသည်။ တစ်နှစ်နေ၍ မှ တစ်ခေါက်မရောက်ဖြစ်ဘူး ထင်ရဲ့။

မောင်နှမနှစ်ယောက် ကျပ်သိပ်သော ဘတ်စ်ကားပေါ်တိုးဝှေ့တက်ခဲ့ကြသည်။ ယွန်းက ညီ့ကို တွယ်မစီးနဲ့

အတွင်းဘက်တိုးဝင်စေသည်။ ဖေဖေ့ဦးခေါင်းဒဏ်ရာမှ အက်ပီလက်ပစီထပ်ဆင့်ရရှိကာ သေရွာအပြီး တွန်းပို့ခဲ့ကြောင်း ယွန်းကြားဖူးနားဝ အမှတ်ရစိုးရိမ်နေမိ၏။

ညီ့နဖူးမှ သွေးတရွဲရွဲစိမ့်သောဒဏ်ရာကို ခရီးသည်တွေက မေးကြစမ်းကြနှင့် ခရီးမဝေးလှ သောကြောင့်သာ တော်တော့သည်။ မဟုတ်လျှင် ပူပန်စိုးရိမ်ရသည့်အထဲ စိတ်အနှောင့်အယှက် ပို ဖြစ်ရမှာပေ့ါ။

“အိမ်မပြန်ကြဘူးလား”

အဘွားကြီးတစ်ယောက်က ညီနှင့်ယွန်းကို တစ်လှည့်စီကြည့်ပြီး မေးသည်။

ညီကဂရုမစိုက်ဘဲ ကားနံရံကိုမှီကာ နေနိုင်သော်လည်း ယွန်းကတော့ အဘွားကြီး ဘာ ကြောင့်မေးပါလိမ့်ဟု တွေးဆမိသည်။

“ကျောင်းကနေ လာကြတာလား”

ယွန်းက ကြောင်တက်တက်လေး ခေါင်းညိတ်သည်။

“အိမ်ကို ပြောခဲ့ရဲလား”

“ရှင် ........”

ယွန်းကို ညီက မျက်မှောင်ကြုတ်ကာ ခေါင်းယမ်းပြသည်။ တုံ့လှယ်ပြောဆိုမနေလိုသည့်သ ဘော။

“ကလေးတို့အိမ်က မျှော်နေမှာပေ့ါကွယ်၊ ကိုယ့်အိမ်ကိုယ်ပြန်ကြပါလား၊ မမိုက်နဲ့ ..... မ မိုက် နဲ့”

ယွန်း စိတ်တိုမိတော့သည်။ အဘွား အမြင်တိမ်းလွဲနေတာကို ခုမှပဲ သဘောပေါက်သွား တော့တာကိုး။

"အို ....... အမေကြီးကလဲ ယွန်းတို့က မောင်နှမ၊ ဘင်္ဂလားမဟုတ်ဘူး၊ အရင်းခေါက်ခေါက်၊ အမေ့ဆိုင်သွားပြီး၊ အနာပြမလို့၊ ဘာမှန်းလဲ မသိဘူး"

***

မောင့်တစ်ယောက်တည်းပါ၊ ဘယ်သူ့မှ မချစ်ဘူးဆို

အချစ်ရေ ...... နေလို့မှ ကောင်းရဲ့လား

စိမ်းနု၏ မျက်စောင်းထိုးရှိ လက်ဖက်ရည်ဆိုင်မှ တေးသံသည် ဘေးခြင်းကပ်လျက် သီချင်း ခွေအငှားဆိုင်နှင့် အပြိုင်ဆူညံနေသည်။

ယနေ့ ဆိုင်ခန်းလာရကတည်းက စိမ်းနုစိတ်တွေ မတည်မငြိမ် လှုပ်ရှားနေသည်။ ကြားနေ ကျအသံဗလံတွေသည် နားထဲပိုပြီး ခလောက်ဆန်နေသလိုပါပဲ။

ချက်ရင်း ပြုတ်ရင်း ဆီပူလောင်ခဲ့ကာ ညာလက်ဖျားမှာရည်ကြည်ဖုပင် ဖောင်းကြွကာနေ သည်။ ပူရှိန်းရှိန်း စပ်ဖျင်းဖျင်းနှင့် စိမ်းနုအာရုံကို တစ်ချက်တစ်ချက် ဖမ်းဆွဲယူနေလေသည်။

အရေးထဲ အရာပေါ်ကာ လာသွင်းနေကျလူထံက ကောက်ယူထားလိုက်သော တစ်ကတ် လျှော် ဆေးလေးပြားကျနှင့် ငွေကတ် ငါးခုပါသော အနက်ဂျက်ဆင် စက္ကူဘူးတွေသည် ကိုကို ရောက်ကာမှ စေ့စေ့စပ်စပ် စစ်ဆေးဖြစ်သည်။ အတုတွေ။

ဘယ့်နှယ် တတ်နိုင်မလဲ၊ ရပ်ကွက်ကောင်စီ တိုင်ရမလား၊ ရဲတိုင်ရမလား၊ ထိုလူကိုပဲ အမိ အရှာဖွေပြီး ပြဿနာဖြေရှင်းရမလား။

"ကိုကို ဘယ်ကိုင်တွယ်တတ်မှာလဲ၊ စိမ်းနုပင် ဘာမှမလုပ်တတ်တာဘဲ။"

"ဘယ်လောက်ဖိုးလဲ မေမေ"

"ထောင့်သုံးရာကျော်တယ်"

ကိုကိုသည်နှမြောလှဟန် နှုတ်ဆိတ်စဉ်းစားနေလေ၏။ ဆေးလာဝယ်သူ လူနာဖောက် ကြည့်တော့မှ အတုမှန်း သိရတော့တာ။

ဘာမီတွန်နှင့် ကိုယ်ရေပြားရောဂါနှိမ်နင်းဆေးပြား များတတ်တာမျိုးကို သတိထားသော် လည်း သည်ဆေးတုမျိုးကိုတော့ လူကိုယုံကြည်မှုဖြင့် သတိလစ်ဟင်းမိတတ်ပေသည်။

မေမေကြည့်လိုက်ပ့ါမယ်၊ ခဏတော့ သိမ်းထားရမှာပဲ ဟုသားကို နှစ်သိမ့်လိုက်ရသည်။

ဆေးကိုင်လာတာကြာသော်လည်း တစ်ခါတစ်ရံတော့ ခုလိုလူယုံလှည့်သွားတာကို ခံလိုက် ရတာ တွေ ရှိဦးမှာပဲပေ့ါ။

စိမ်းနုသည် မနက်က ဝယ်ယူပြီး လုံးထားသော ဝက်သားတွေ ပုရွက်ဆိတ်တက်သလား ကြည့်ရသေးသည်။ ဟင်းသီးဟင်းရွက်ကိုတော့ အိမ်အပြန် ကားဂိတ်အနီး လမ်းဘေးဈေးမှာ ဝယ် ယူသွားမြဲ ဖြစ်သည်။

"စကရက်ပတွေ ဈေးထိုးကျလိုက်တာ ခုထိပြန်မတက်ဘူးနော် မေမေ"

စိမ်းနု ခေါင်းသာညိတ်မိသည်။ ဆေးခန်းဖွင့်ကာ အသားကျလာပြီး၊ ဆေးအရောင်းအဝယ် မှာလည်း ကျွမ်းဝင်ကျင်လည်လာလည့်တိုင် ဆေးသိုလှောင်ကာ ဈေးကစားသည့်ဘက်မှာ တော့ အတန်ကြာစိမ်းနေခဲ့သည်။ သည်တော့ လှောင်မိသည့် ထိုဆေးက ဈေးကျကာ စားဆေးက အရည် ပျော်တာမျိုးနှင့် တိုးခဲ့ရသေးသည်။

လက်ရဲဇက်ရဲမနိုင်ဘဲ ဆုတ်သာတက်သာ ချင့်ချိန်စမ်းသပ်ရုံမို့သာ စိမ်းနု ပိုစိုးပက်စက် အ ထိမနာခဲ့တာပါ။

ခုတော့လည်း သိလာမြင်သာပြီးလေ၊ ဘယ်အချိန်မှာ ဘယ်ဆေးတွေကို သိုလှောင်လျှင် ခေါက်ချိုးမြတ်နိုင်သည်ဆိုသော ပညာတွေကို စိမ်းနုတတ်သိလာပြီ။

ငွေရှင်ကြေးရှင်တွေလို လေးငါးဆယ်သိန်း ရင်းလိုက်နိုင်ရင်လား တစ်နှစ်သာ အချိန်ပေး၊ ငွေနှစ်ဆပွားအောင် စိမ်းနုလုပ်နိုင်မှာပါ။

"ဒေါ်စန္ဒာကြည်တို့ လာပြီမေမေ ........."

ပက်လက်ကုလားထိုင်မှာ ငိုက်မြည်းတွေးတောနေရာမှ စိမ်းနုလန့်ဖျပ်သွားသည်။ ဒေါ်စန္ဒာ ကြည်၏ မီနီမိုင်နာကားကလေးသည် ဆေးခန်းရှေ့သို့ ထိုးဆိုက်လာချေပြီ။

ထိုင်ရာမှ အားယူ၍ ထရသည်။ မဝံ့မရဲ မျက်လုံးများဖြင့် ကားဆီသို့ ဝေ့ကာကြည့်မိ၏ ။

ဒေါ်စန္ဒာကြည်က ကားစက်သပ်ကာ ကားမှန်တွေပိတ်နေသည်။ သူမနံဘေးမှ လိုက်ပါလာ သော သူသာလျှင် ကားတံခါးဖွင့်ကာ အရင်ဆင်းလာလေ၏ ။

မောင် .......။

စိမ်းနုရဲ့ မောင်ပါပဲ၊ မောင်ပေါ့လေ။

မောင့်ကို မတွေ့တာ ဆယ်နှစ်ကျော်ခဲ့ပြီနော်၊ ကိုကိုခြောက်နှစ်သားကတည်းကဆိုတော့ အင်း ...... ဆယ့်သုံးနှစ်လောက်ရှိခဲ့ပြီပေါ့။

စိမ်းနု မမှတ်မိစရာ အကြောင်းမရှိသော်လည်း တကယ်တော့ မောင်သည် ကွဲကွာနေခဲ့ကြ သည့် အချိန်ပိုင်းနှင့် မမျှအောင် ရုပ်ရည်ဟန်ပန် ပြောင်းလဲသွားလိုက်တာ။

မောင်သည် စိမ်းနုကို သတိမထားမိသေး၊ ဆေးခန်းဝန်းကျင်ကို

ကြည့်ရှုအကဲခတ်ရင်း လျှောက်လာနေသည်။

ဒေါ်စန္ဒာကြည်ကလည်း ရယ်ရယ်မောမောနှင့် ကားတံခါးသော့ခတ်ရင်း ရိပ်ငြိမ်ဆေးခန်း တည်နေရာကို အမွှန်းတင်နေ၏။

"တအားစည်တာ ဆရာရဲ့၊ ညနေဈေးတန်းကလဲ ရှိသေးတာ၊ အမြင်ရှုပ်ပေမယ့် ကြာတော့ ဆရာ ရိုးသွားမှာပါ ......."

မောင်က ပြုံးယောင်ပြုကာ ဥဒဟိုသွားလာနေသော ဈေးသည်များ ဈေးဝယ်များကို ကြည့် ကာနေသည်။ ထိုစဉ် ကလေးတစ်ယောက်က ဘေးကို ဘေးကိုနှင့် အော်ပြီး တွန်းလာသောထင်း လှည်းတစ်စီးကို သူ လမ်းဘေးထိုးကပ်ကာ ရှောင်တိမ်းပေးလိုက်ရသည်။

ဒေါ်စန္ဒာကြည် ကားဝင်လာစဉ် ဗန်းဖယ်မပြီး ဘေးရှောင်ပေးရသော အကြော်သယ်ကလေး က ကားဦးနားတွင် ပြန်လည်နေရာယူလေ၏။

"မမစိမ်းရေ ..... မဲဇာတောင်ခြေကလာတဲ့ ဆရာ့ကို ဒီမှာအသားကျအောင် မမပဲ ကြိုးစားပြီး ခေါ်ထားပေတော့ ......."

ဒေါ်စန္ဒာကြည်၏ မြူးရွှင်ချက်ချာသော စကားအဆုံးတွင်မှ မောင့်မျက်လုံးတွေသည် စိမ်းနု ထံ တန်းတန်းမတ်မတ်ရောက်ရှိလာလေ၏။

စိမ်းနုကို သည်နေရာမှာ တွေ့လိုက်ရသည့်အတွက် မောင်အံ့သြသွားကြောင်း သိသာလှ သည်။

ငယ်ငယ်တုန်းက မော်လမြိုင် ကျောင်းဝင်းတံခါးအနီးမှာ ပြန်ဆုံကြသလိုတော့ လွတ်လပ် ပျော်ရွှင်ခြင်း မပါဝင်လာတော့ဘဲ ပျောက်ဆုံးခဲ့ရလေပြီ။

ဘာပဲဖြစ်ဖြစ် အစွန်းအထင်းတွေ အပြတ်အတောက်ထဲဆက်ရာ အထုံးအဖုတွေ မကင်း သော

သံယောဇဉ်ကွန်ယက်ကတော့ဖြန့်ကျက်လွှမ်းမိုးနေဆဲပါပဲလေ။

"ဪ ....... စိမ်းနုကိုး ....."

"ဟုတ်ပါတယ် စိမ်းနုပါပဲ"

ရင်ထဲမှာ ဘယ်လိုပင် လှုပ်ရှားလှုပ်ခါနေသော်လည်း စိမ်းနုတည်ငြိမ်သောအပြုံးနှင့် နှုတ် ခွန်းဆက်နိုင်သည်။ ရင့်ကျက်သောစိမ်းနု ဖြစ်နေခဲ့ပြီလေ။

"ဟင်....... ဆရာနဲ့ မမစိမ်း သိကြသလား ......"

မောင်သည် စိမ်းနုထက် သက်တူရွယ်တူဖြစ်ပါလျက် စိမ်းနုကို ဆယ်နှစ်ခန့် လျှော့တွက်နေ ကြချိန်တွင် မောင့်အသွင်က ဆယ်နှစ်ပို၍ အိုစာနေပေသည်။

မောင့်ဆံပင်တွေ ငွေရောင်ကျိုးကျဲ ယှက်သန်းစပြုသည်ကိုစိမ်းနု အထူးအဆန်းသဖွယ် ငေး ကြည့်မိသည်။

မောင့်မျက်လုံးအိမ်ဘေး တစ်ဖက်တစ်ချက်တွင် ကျီးခြေရာထင်ဟပ်ကာ စိတ်တွေရုန်းကန် ပင်ပန်းခဲ့ရခြင်းကို တံဆိပ်ခတ်ထားကြလေသည်။

"တမင်ပဲ စောစောထွက်လာကြတာ မမစိမ်းရဲ့၊ စကားပြောကြရအောင်လို့၊ ဆေးရုံကနေ တန်းထွက်လာကြတာပဲ၊ စန္ဒာကတော့ ဆရာ့ကို ထားခဲ့ပြီးပြန်မှာ ........"

စားပွဲတွင် ဝိုင်းဖွဲ့ထိုင်မိသည်နှင့် ဒေါ်စန္ဒာကြည်က ရင်းရင်းနှီးနှီး ရယ်ရွှန်းပတ်ရွှန်းဆိုသည်။

မောင်သည် ဒေါ်စန္ဒာကြည်ကိုကြည့်ကာ တစ်စုံတစ်ရာပြောမည် ပါးစပ်ပြင်ပြီးမှ မျက်ခုံးတစ် ဖက်ပင့်ကာ စဉ်းစားနေလေသည်။

"ဟုတ်ပါရဲ့၊ စန္ဒကလဲ စန္ဒာ့အုံနာလို့သာ ပြောမိတယ်၊ မမစိမ်းနာမည်

မပြောမိဘူး၊ ဒီလိုသိ ဟောင်းကျွမ်းတွေဆိုတော့ အရမ်းအဆင်ပြေသွားတာပဲ”

ဒေါ်စန္ဒာကြည် သေချာသလို မောင်သည် စိမ်းနု၏ ရိပ်ငြိမ်မှာ ဆေးခန်းထိုင်ဖို့ ပို၍ စိတ်ပါ လာမှာ မဟုတ်၊ သူနောက်ဆုတ်ဖို့ ခြေလှမ်းပြင်နေပါပြီ။

သူမနေနိုင်ဘူးဆိုပါလျှင် စိမ်းနုမှာ တားမြစ်ပိုင်ခွင့် မရှိ၊ တားလည်း မတားလိုပါ၊ ဖြတ်သန်း လာခဲ့ပြီးသော အရွယ်နှင့်အတွေ့အကြုံက အသည်းနှလုံးကို နောက်တန်းပို့ ချောင်ထိုးထားသော အတတ်ပညာတွေ တစ်ဖက်ကမ်းခတ် တတ်မြောက်ကျွမ်းကျင်စေခဲ့ပြီးပါပြီ။

“ဆရာက ရန်ကုန်ပြောင်းလာတာ မကြာသေးတော့ဆေးခန်းမထိုင်သေးတာ စန္ဒာသတိ ထား မိနေတာ မမစိမ်းရဲ့၊ ဆရာ့ကိုပဲ ပြောရမလား စဉ်းစားရင်း တော်ကြာ တခြားတ နေရာစီ စဉ်ပြီး သွားမှာလဲ စိုးရိမ်နေရတာ နဲ့ စန္ဒာဖြင့် အတော်ဦးနှောက်အလုပ်များသွားတယ်”

ဒေါ်စန္ဒာ့စကားတွေက ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်သေချာကြပြီးသည့်သဘော။

မောင်ကသာ မလှုပ်တလှုပ် အေးစက်စက် လုပ်ကာနေသည်။

“ဆရာနဲ့ မမစိမ်း သိတာကြာပြီလား .........”

မောင်ကြိုက်သလို ဖြေနိုင်ဖို့ စိမ်းနုပြုံး၍ သာ နေလိုက်လေသည်။

“မွေးကတည်းကပဲ ဆိုပါတော့ ..........”

မောင်က နှုတ်ခမ်းတွန့်၍ ပြုံးကာ အဖြေပေးသည်။

မောင့်ရင်ထဲ ဘယ်သို့ရှိသည်မသိ၊ စိမ်းနု ရင်နှင့်ကြေကွဲမိလေသည်။

မြရေပြာကန်နံဘေးမှာ ပြေးလွှား ပျော်မြူးခဲ့ကြသော ကလေးဘဝကို ခါတိုင်းလိုပဲ တမ်း တမ်းတတမြင်ယောင်သည်။

“ဒေါက်တာရယ် ဒီနေ့ ဒေါက်ာမလာတော့ဘူးမှတ်လို့ ကျွန်မ ဆေးခန်းလာခါနီး မျက်ရည် တောင်လည်တယ်၊ ဆက်မပြတော့ဘူးအောက်မေ့တာ၊ အိမ်ကလူ ပွမ်နေဆူနေတာနဲ့ထွက်ခဲ့ရတာ ၊ ခုတော့ လာမိလို့ တော်တာပေါ့”

နှုတ်ခမ်းဖြူဆွတ်ဆွတ် အသားအရေ ခြောက်ကပ်ကပ်နှင့် မီးယပ်နာစွဲနေသော လူနာအမျိုး သမီးသည် ဒေါက်တာစန္ဒာကြည်ကို မြင်လျှင် ခပ်ကိုင်းကိုင်း လျှောက်လာနေဟန်နှင့်ပင် အတန် ငယ်မတ်သွားလျက် မျက်လုံးတွေ တောက်ပလာလေသည်။

လူနာတစ်ယောက်၏ သံယောဇဉ်သည် ဆရာဝန်တစ်ယောက်အတွက် ဆေးတစ်ခွက်ပါပဲ ထင်ပါရဲ့၊ သူမကို အားကိုးသော လူနာကြောင့် ဒေါ်စန္ဒာကြည် နှစ်သိမ့်ကြည်နူးစွာ ပြုံးရယ်လိုက် တော့သည်။

“လာ လာမစွန်ကြည်၊ မိတ်ဆက်ပေးခဲ့ရမယ်၊ ဒါ ဒေါက်တာနေဘွား နောက်နေ့တွေမှာမစွန် ကြည်တို့ကိုဆက်ကြည့်ပေးသွားမှာ၊ တို့ထက် ပညာရော အတွေ့အကြုံပါသာတယ် မစွန်ကြည်ရဲ့ “

မစွန်ကြည်သည် ဒေါက်တာ နေဘွားကို မဝံ့မရဲ စိမ်းရှုံ့စွာ ကြည့်သည်။

“ဒီတစ်ယောက်တော့ စန္ဒာကြည့်သွားပေးလိုက်မယ်နော်ဆရာ၊ ဆရာလဲ မမစိမ်းနဲ့ စကား ပြောရတာ ပေါ့၊ ကဲ ……လာမစွန်ကြည်”

ဒေါက်တာနေဘွားဆိုသူ စိမ်းနု၏ မောင်သည် စိတ်ကျဉ်းကျပ်နေဟန် လည်ပင်းကြယ်သီး တစ်လုံးကို ဖြုတ်နေသည်။

“စိမ်းနုတို့ဆေးခန်းကို စိတ်ပျက်နေပြီ ထင်တယ်”

သူ့အခက်အခဲကို သူဖြေရှင်းနိုင်စေလိုသော သဘောနှင့် စိမ်းနုက စကားလမ်းစ ဖွင့်ပေး သည်။

“စိမ်းနုရဲ့ဆေးခန်းမှန်း ကိုယ်မသိခဲ့ဘူး”

သူက ပြောမယ့် ပြောတော့လည်း တဲ့တိုးကြီး၊ ဒါပြီးရင် စိမ်းနုဆီမှာဆို မလုပ်နိုင်ဘူးဘဲ ဆက်တော့မှာပေ့ါ။

စိမ်းနု မတုန်မလှုပ် သူ့ကိုစိုက်ကြည့်ကာ ပြုံးနေသည်။

"စိမ်းနုမှန်းမသိလို့ ရောက်လာတယ်ဆိုတာ သိပါတယ်လေ"

စိမ်းနုအကြည့်သည် သားကြီးကိုကိုထံ ဖျတ်ခနဲ ရောက်သွားသည်။

ရှေ့ဘက်မှ ဗီရိုနောက်တွင်ထိုင်ကာ စျေးရောင်းသောကိုကိုသည် ကိုယ်တစ်ခြမ်းစောင်း လှည့်ကာ စိမ်းနုဘက်သို့ လှည်ကြည့် နားစွင့်နေပါကလား။

"ဩော် ....... ပြောဖို့မေ့နေတယ်၊ ဒါကိုကိုလေ၊ မှတ်မိလား"

နေဘွား၏ ထူထဲသော မျက်ခုံးတွေ မြင့်တက်သွားကာသည်ရောက်ကတည်းက ပထမဦး ဆုံးအကြိမ်အဖြစ် ကြည်နူးဝမ်းသာ ပြုံးလေ၏ ။

"ပါပုကိုး၊ ဘယ်မှတ်မိမလဲ စိမ်းနုရယ်၊ နောက်ဆုံးတွေ့ကြတုန်းက ကိုကိုဘယ်လောက်ရှိဦး မှာလဲ၊ ငါးနှစ် ခြောက်နှစ်၊ ဟင်......"

"ကိုကို အခု ဓာတု တတိယနှစ်ရောက်နေပြီ"

စိမ်းနုသည် ကိုကိုကလည်း နေဘွားကို လိုလားနှစ်ခြိုက်ဟန်တွေ့ မြင်ရသဖြင့် တဒင်္ဂတော့ ကျေနပ်အားရမိလေသည်။

တကယ့်ကို တဒင်္ဂမျှသာပါပဲ။

"အငယ်တွေကကော စိမ်းနု"

"အငယ်တွေလား ညီက၊ ညီဆိုတာ နို့ညှာလေ၊ မှတ်မိလား"

နေဘွားမဖြေ၊ မမှတ်မိစရာ ရှိနိုင်ပါ့မလား တုံ့ပြန်မေးနေလို့လည်း မလိုသည့်ဟန်နှင့် ကိုကို့ ဘက်ကြည့်ကာသာ ပြုံးနေလေ၏ ။

“လာနေညပီ မေမေ၊ ယွန်းလဲပါလာတယ်”

ကိုကိုက လမ်းဘေးမျှော်ကြည့်ရင်း အေးတိအေးစက်ပြောသော်လည်း စိမ်းနုချက်ချင်း မတ် တတ်ရပ်ကာ တအံ့တသြကြည့်မိသည်။

ရင်ထဲမှ နှလုံးသားသည် ဒိုင်းခနဲ လည်မျိုတိုင် တက်ဆောင့်လေ၏ ။

“ဟင် ...... သွေးတွေနဲ့၊ ညီရယ်၊ သွေးတွေနဲ့”

ဂမူးရှူးထိုးပြေးအထွက် စာပွဲခြေထောက်နှင့် တိုက်မိကာယိုင်ထိုးသွားသည်။

နေဘွားက စိမ်းနုလက်ကို ဖမ်းဆွဲတည့်မတ် ပေးလိုက်ရသည်။

“စိမ်းနု ထိုင်နေ၊ ကိုယ်ကြည့်ပါ့မယ်”

နေဘွားက စိမ်းနုပခုံးကိုဖိကာ ထိုင်စေသည်။

ဆိုင်ခန်းထဲဝင်လာသော ညီသည် သွေးစေးလိမ်းကျံသောနဖူးပြင်ကို လက်ကိုင်ပဝါနှင့် အုပ် ထားဆဲဖြစ်လေသည်။

ယွန်းက ဖြစ်ပျက်ပုံအလုံးစုံကို အမောတကော ပြောပြနေခိုက် နေဘွားက ညီ့လက်ဒဏ်ရာ ကို ကြည့်ရှုစစ်ဆေးနေသည်။

ညီသည် နေဘွားကို မှုန်တေတေ လှေ့လာနေသည်မှအပ စကားတစ်ခွန်းမဆို လောကွတ် ပျူငှာ အမူအရာမပြ။

ယွန်းကတော့ ပါးစပ်ကလည်း ပြော၊ နေဘွားက ညီ့ဒဏ်ရာ နှုတ်ခမ်းသာဟကာ အတိမ် အနက် ကြည့်ရှုနေစဉ်မှာလည်း နံဘေးမှတိုးကြည့် စပ်စုနေသေးသည်။

“ချုပ်ရဦးမှာလား ဦး”

“သုံးချက်လောက်တော့ ချုပ်ရလိမ့်မယ်”

ဒေါ်စန္ဒာကြည်နှင့် သူမ၏ လူနာ ဆေးခန်းထဲမှ ထွက်လာသည်။

"ဟယ် ...... ညီ ဘယ်လိုဖြစ်လာတာတုံး၊ ဆရာကတော့ ဟက်အင်ဂျူရီနဲ့ ပွဲဦးထွက်ရတော့ မယ်ပေ့ါ"

စိမ်းနုသည် ဒေါ်စန္ဒာကြည်ကို အားကိုးစွာ လှမ်းကြည့်မိသည်။

"လုပ်ပါဦး ဒေါက်တာတို့ရယ်၊ ဒီကလေးကြောင့် စိမ်းနုသိပ်စိတ်ညစ်ရတာ ပဲ"

ညီက စိမ်းနုကို မျက်လုံးစွေကာ ထုံပေပေကြည့်သည်။

ယွန်းကလည်း မျက်နှာပေါ် ဖရိုဖရဲ ဝဲကျနေသော ဆံပင်တွေကို လက်နှင့်သိမ်းရင်း ညီ့ကို မျက်စောင်းထိုးသည်။

"အဲဒီ ညီပေ့ါ၊ ဘာမှန်းလဲ မသိဘူး၊ ခဏခဏ သိပ်ရန်ဖြစ်တာပဲ"

"အမေတူလို့ ထင်တယ်"

နေဘွားက မပြုံးမရယ် ခပ်တည်တည်ပြောလိုက်ပြီးနောက် ညီ့ပခုံးကို အသာသိုင်းဖက်ကာ ဆေးခန်းထဲခေါ်သွားသည်။ ရယ်စရာပြောလိုက်တာပဲ ဖြစ်မှာပါဟု တွေးရုံပဲ တွေးနိုင်သည်။ သော ကကြောင့် စိမ်းနုမရယ်နိုင်ခဲ့။

"ဒေါ်စန္ဒာကြည်လဲ ဝိုင်းကူမှဖြစ်မယ်၊ ဒါဟာ ခင်ဗျားနယ် ၊ ကျွန်တော်က စိမ်း"

ဒေါ်စန္ဒာကြည်က ကျေကျေနပ်နပ်ရယ်မောရင်း နေဘွားနှင့် ညီ့နောက်မှလိုက်သွားသည်။

"စန္ဒာ့နယ်ကိုပဲ စန္ဒာစွန့်လိုက်ရပြီ ဆရာရဲ့၊ ခုတော့ ဆရာ့နယ်ပါ၊ မနက်ဖြန်ဆို ဆရာ နယ် ကျွမ်းသွားတော့မှာ"

နေဘွားထံမှ တုံ့ပြန်သံမကြားရ၊ ကတ်ကြေးညှပ် သံမဏိအချင်းချင်း

ထိခတ်မိသံ၊ စားပွဲပေါ် တင်သံ ချသံတွေသာကြားနေရသည်။

“ဒီဆေးခန်း ဦးဆုံး စဖွင့်တုန်းက မမဒေါ်ဝိုင်းရီလဲ ညီနဲ့ဖွင့်ခဲ့ရသေးတယ် မဟုတ်လားဟင် မမ”

နံရံတစ်ချပ်ခြားမှ ထွင်းပေါက် ပေါ်ထွက်လာသော ဒေါ်စန္ဒာကြည်မေးခွန်းကို စိမ်းနု ယောင် ယမ်းခေါင်းညိတ်ဖြေမိသည်။

“အခု ဆရာလဲ ညီနဲ့ပဲ အလုပ်စရပြန်ပြီ၊ ဒါတွေဟာ မမအတွက် ထူးခြားတဲ့မှတ်တိုင်တွေပဲ နော်၊ မမက ဆေးထိုး ဆေးထည့် နပ်စ်တစ်ယောက်လိုပဲ ကျွမ်းပါတယ် ဆရာရဲ့၊ ညီကို့သာသားမို့ အဲဒီ လို အထိတ်တလန့် ဖြစ်နေတာ”

စိမ်းနု ငေးငိုင်ကာနေသည်။ ညို့ ညည်းညူစုတ်သပ်သံတွေသည် စိမ်းနုရင်ထဲ စူးခနဲ စူးခနဲ နစ်ဝင်နာကျင်စေလေသည်။

“မေမေ ကော်ဖီသောက်လိုက်ဦး”

ကိုကို၏ ကြင်နာရိပ်လွှမ်းသော မျက်လုံးများကို ရင်ဆိုင်မိမှပဲ အသက်ဝဝရှူပစ်လိုက်ရင်း ဝေဒနာ လျော့သွားခဲ့သည်။

လက်ဖက်ရည်ဆိုင်မှ သူငယ်လေးလာပို့သော ကော်ဖီဗန်းကို ကိုကိုသည် သူ့ဆေးဗီရိုပေါ် နေရာချနေသည်။

ပြီးတော့ စိမ်းနုရှေ့သို့ ကော်ဖီတစ်ခွက် ချပေးလေသည်။

“အရက်ပြန်သုတ်လိုက်တော့ စပ်တာပေ့ါ မေမေရ၊ ဒါပါပဲ”

“အစိမ်းချုပ်မှာပဲနော်”

“စပရေးတော့ ဖြန်းပေးမယ် ထင်တာပဲ၊ သိပ်မထူးပါဘူး မေမေရာ၊ ကဲ …… ကော်ဖီ သောက်”

ကိုကိုသည် ဆရာဝန်နှစ်ယောက်နှင့် ညို့အတွက် ကော်ဖီပန်းကန်တွေကို

ကော်ဖီပန်းကန် ပြားကလေးများနှင့် အုပ်ဆိုင်းကာ စိမ်းနုထိုင်နေသော စားပွဲပေါ် ရွှေ့ထားပေးသည်။

ယွန်းကတော့ သူမဘာသာ ဆိုးဆိုးဆတ်ဆတ် ဗီရိုပေါ်မှတစ်ခွက်လှမ်းယူကာ မော့ပစ် လိုက်သည်။

"ညီ့ကို ယွန်းခေါ်လာတာပေ့ါ မေမေ၊ မဟုတ်ရင် ခေါင်းမှာ ဒဏ်ရာရတယ်ဆိုတာ ဘယ် လောက် အန္တရာယ်များသလဲ၊ သူ့ဘာသာသူဆို ဒီဘယ်လာမလဲ၊ ဆေးရုံလည်းမသွားဘူးတဲ့"

စိမ်းနုသည် သမီးငယ်၏ မျက်လုံးတောက်တောက်ကလေးများကို နှစ်သိမ့်စွာကြည့်ကာ ပြုံး နေသည်။ ဖခင်ကင်းမဲ့ရှာနေသည်မှအပ မပူမပင် မတောင့်မတ သည်အရွယ်ထိ နေနိုင်လေ၍ ယွန်း တို့သည် စိမ်းနုထက် ပိုပြီး ကံကောင်းတာပဲဟုဖြေသိမ့်ရလေ၏ ။

"ဟော့ ….. ယွန်း၊ မင်္ဂလာယူမနေစမ်းပါနဲ့ကွာ"

ဆေးခန်းထဲမှ ညီက ကန့်ကွက်သည်။

စိမ်းနုမျက်မှောင်ကြုတ်မိစဉ် ဒေါ်စန္ဒာကြည်၏ ဟက်ဟက်ပက်ပက် ရယ်မောသံ လွင်သွား လေသည်။

တစ်ဆက်တည်းမှာပင် နေဘွား၏ နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်သံ ကြားလိုက်ရသဖြင့် စိမ်းနု အံ့အားသင့်မိသည်။

သူ ဒီလို ရယ်မောတတ်သေးလား၊ သူ့မျက်နှာက အကြောအချဉ်တွေကို ဘယ်လို တင်း ထားသလဲ၊ သူ့အသည်းနှလုံးကတော့ ပူနွေးပျော့ပျောင်းနိုင်တာပဲနော်။

စိမ်းနု သက်ပြင်းလည်း ချမိသည်။ ကြည်နူးခြင်း ဖြစ်မိသည်။

ပြီးတော့ စိမ်းနု သေချာသွားပြီလေ။

မောင်……. အဲလေ ……... ဒေါက်တာနေဘွားသည် စိမ်းနုနှင့် ကလေးများကို ခါးခါးသီးသီး ပစ်ခွာထား မပစ်ခဲ့နိုင်ပါဘူး။

ရစ်ပတ်ချည်နှောင်ခဲ့ဖူးသည့် သံယောဇဉ်တွေကို တိခနဲဖြတ်တောက် ပစ်ဖို့ဆိုတာ မလွယ် ကူလှပါဘူးလေ ……။

***

သည့်လို ဗုဒ္ဓဟူးနေ့မျိုးဆို ယွန်း အမြဲ သတိရသည်။

နေ့ခင်း ယွန်း ကျူရှင်က ပြန်လာချိန်မှာ အဝတ်လျှော်ရန် မရှန် လာလေ့ရှိသည်။ တစ်ပတ် နှစ်ကြိမ် လာလျှော်မှ တစ်မိသားစုလုံး အဝတ်အစားတွေ အလျင်မီ ဝတ်နိုင် သုံးနိုင်တာမို့ ဗုဒ္ဓဟူး နေ့တွေမှာတော့ ယွန်းက ဒုက္ခခံနေရလေသည်။

သည်နေ့မှာ ကျူရှင်တစ်ချိန်ပဲရှိတာမို့ ယွန်းက ဆယ်နာရီခွဲလောက် အိမ်ပြန်ရောက်သည်။

မရှန် ရောက်လာလျှင် အဝတ်လျှော်၊ မီးပူတိုက်၊ တံမြက်စည်းလှဲနှင့် အနည်းဆုံး တစ်နာရီ ခွဲတော့ ကြာလေသည်။

ယွန်းမှာ ဆယ်နှစ်နာရီအထိလောက်မှ မရှန်အလုပ် ပြီးပြတ်အောင် လောဆော်နေရသည်။ မရှန်ကလည်း ရောက်လာလျှင် ဆေးလိပ်သောက်ရင်း၊ ထမင်းစားရင်း ဟိုလှည့် သည်လှည့် ကြာနေတတ်လေရာ ယွန်း တတွတ်တွတ် သတိပေးနိုင်ပါမှ ........။

ကိုကိုက မနက် ရှစ်နာရီလောက်ကတည်းက အိမ်မှထွက်သွားပြီး ကျောင်းမှအပြန် အများ အားဖြင့် မေမေ့ဆိုင်သို့ တန်းဝင်လေသည်။ မေမေနှင့်အတူ ပြန်လာလေ့ရှိတော့ မိုးစုန်းစုန်းချုပ်မှ ပြန်ရောက်တာပေါ့။

ညီကတော့ နေ့ခင်းတစ်ခေါက် ပြန်ရောက်လာပြီး ထမင်းစားလေ့ရှိသည်။ တစ်ခါ တစ်ရံ တော့ အလည်လွန်ကာ တစ်နေ့လုံး အိမ်မကပ်ဘဲ ညကျမှ မေမေ ပြန်မရောက်ခင် ကလေးအမီ ဟန်မပျက် မင်သေသေ အိမ်မှာ စာကျက်နေ ပြတတ်သည်။ ယွန်းကလည်း ညီနှင့် တတ်နိုင်သ လောက် ရန်နည်းလိုသဖြင့် ယွန်းကို တစ်စုံတစ်ရာ ရန်မစဘဲနှင့်တော့ မေမေ သိအောင်မတိုင်း တန်းဖြစ်ပေ။

မိသားစုလေးယောက်မှာ မနက်ကတည်းက သော့ကိုယ်စီနှင့် ဝင်ထွက်နေကြရတာ ညမိုး ချုပ်မှပဲ လူစုံတက်စုံ အိမ်မှာ စုံကြရလေသည်။ ရပ်ကွက်သန့်၍ ခွေးတွေ ခြံလုံ၍ သာ တော်ပေတာ ပဲ။ အဘမရှိကတည်းက အိမ်မှာ စောင့်ကျန်ရစ်မည့်သူ မရှိတော့ဘဲ ကမ္ဘသကာ ပစ်ထားခဲ့ကြရ တာ။

"မရှန် ....... မီးပူတိုက်လို့ မပြီးသေးဘူးလား၊ ပြီးသလောက်ပဲ ဖြတ်ခဲ့တော့လေ၊ စနေနေ့မှ ဆက်တိုက်တော့၊ ဆယ့်နှစ်နာရီထိုးတော့မယ် မရှန်ရဲ့၊ ယွန်း ကျောင်းသွားချင်ပြီ"

"ကောင်းပါပြီ ရှင်၊ ဒါနဲ့ ယွန်း ....... မရှန် ပြောထားတဲ့ ငွေအစိတ်"

"ဩော် ........ဟုတ်သားပဲ၊ ယွန်း တောင်းထားတယ်၊ ဒါပါနဲ့ဆို မရှန်၊ ဒီလအတွက် ရစရာ ကုန်ပြီတဲ့နော်၊ မေမေမှာသွားလို့ ........"

ယွန်းသည် အိပ်ခန်းသို့တက်သွားကာ စာကြည့်စားပွဲအံဆွဲထဲမှ ငွေအစိတ်ကို သွားယူရ သည်။

မရှန်သည် အစိတ်တန်ကို ဘော်ဒီအိတ်ထဲ ထိုးသိပ်ထည့်ပြီးနောက် နီကြောင်ကြောင် ကျဲ ပါးပါး ဆံပင်များကို ဖြစ်သလို ပြန်လည်ထုံးနှောင်သည်။ ပြီးတော့ မေမေပေးထားသော တဘက် ဟောင်းနှင့် ဦးခေါင်းကို ရစ်ပတ်လိုက်လေသည်။ အဲဒါပဲ မရှန်၏ ခမောက်၊ မရှန်၏ ထီး၊ မိုးတွင်းကျ တော့ မရှန်က ပလတ်စတစ်ခြုံသည်လေ။

"ခုန မရှန် အပြင်ထွက် အမှိုက်သွန်တော့ ဟိုဘက်ခြံက ကောင်လေးက ယွန်းသွားပြီလား လို့ မေးတယ်"

မရှန်၏ မျက်နှာက အပိုးမသေ။ ပြုံးစိစိနှင့် ယွန်းက အရေးမထားသလို အမှတ်မဲ့ဟန်ပန်နှင့် ရေချိုးခန်းအပြင်ဘက် ဝရံတာမှာ မရှန်အဝတ်လှန်းထားတာ နေရာကျ မကျ သွားရောက်စစ်ဆေး သည်။

“မရှန် ပြန်တော့မည် အိမ်မှ အထွက်မှာတော့ ........”

“သူကော ကျောင်းသွားပြီလား”

ဟုမေးသည်။

“ဟင့်အင်း စောင့်နေတယ်နဲ့တူတယ်”

မရှန် တစ်လှမ်းနှစ်လှမ်းရတော့ ခေတ္တရပ်တန့်ကာ ယွန်းကိုပြန်လှည့်ကြည့်သည်။

“တံခါးပိတ်တော့မည် ယွန်းက ဆိုင်းငံ့ကာ .......”

“ဘာလဲ မရှန်”

ဟုမေး၏ ။

“ဩော် ......မရှန်လေ ကိုပါခွေးနဲ့ ကြိုက်တုန်းက ယွန်းအရွယ်ပဲ၊ မရှန်က အိမ်ဖော်ဘဝက လွတ်မလားလို့ အားကိုးရှာမိတာပါ၊ ခုတော့လဲ ကလေးသုံးယောက်သာ အဖတ်တင်တယ်၊ ဒီဘဝ က မတက်ဘူး”

မရှန်သည် သူ့ခေါင်းမှ တဘက်ကို စိတ်တိုင်းကျဟန် ပြင်ကာ ပေါင်းသည်။

“လင်ဆိုးမယား တစ်ကားကားပေ့ါ ယွန်းရယ်”

မရှန်ကို သနားသော်လည်း သူ့စကားပုံ ခိုင်းနှိုင်းပုံကိုတော့ မရယ်ဘဲ မနေနိုင်။

ယွန်းသည် တစ်ယောက်တည်း ရယ်မောကျန်ရစ်သော်လည်း မိန်းမတွေဟာ အားကိုးအား ထားဆိုပြီး ဘာကြောင့်ယောကျ်ားယူကြတာလဲ၊ နားမလည်နိုင်ဘဲ ရှုပ်ထွေးနေသည်။ အဘွားက ကြီးဒေါ်ဖြူဖွေးက မေမေ သူတို့အားလုံးပဲ အဲဒီ လိုအကြောင်းပြပြီး အိမ်ထောင်ပြုကြတာ၊ စားဝတ် နေရေး

ဘဝလုံခြုံရေး ဘာညာနဲ့။

အဘိုး သေသွားတော့ကော ဦးလေးမောင်ကြွယ် အငယ်အနှောင်းထားတော့ကော၊ ကဲ အ ခု မရှုန် ယောက်ျားသောက်စားရှုပ်ပွေနေတော့ကော။

ယွန်းသည် တံခါးသော့ပိတ်ကာ လွယ်အိတ်တစ်လုံးနှင့် အပြေးထွက်ခဲ့ရလေ၏ ။

"ယွန်း .........."

တိုးတိတ်ညင်သာစွာ ခေါ်လိုက်သော်လည်း ယွန်းတန့်သွားသည်။

ယွန်းတို့ ဝင်းတံခါးနံဘေး ပုဏ္ဏရိပ်အကွယ်မှ ပိုင်စိုးထွက်လာလေသည်။

ပိုင်စိုး၏ ဦးခေါင်း ပတ်လည်ကို ပတ်တီးဖွေးဖွေး စည်းနှောင်ထားသည်။ သူသည် ကျောင်းလုံ ချည်နှင့် လွယ်အိတ်အနက်နှင့် ကျောင်းသွားဖို့ အသင့်ဖြစ်နေပြီ။ သူ့လက်ထဲမှာတော့ ကက်ဦးထုပ် ကလေး ကိုင်ထားလေ၏ ။

"ညီညီသွားလိုက်ကတည်းက တို့လာစောင့်နေတာ၊ ဆယ်မိနစ်လောက် ရှိသွားပြီ"

ယွန်း ခြေထောက်များသည် ထိုနေရာမှာပင် အမြစ်တွယ်ကာ ရွေ့လျားမရဘဲ ဖြစ်နေသည်။

သွက်လက်စွာလန်သော ယွန်း၏ နှုတ်ခမ်းများသည် အားစေးမိထားသည့်နှယ် စကားတစ် ခွန်းမှ ဟ၍ မရ။

"ညီ့ဒဏ်ရာ ကောင်းသွားပြီလား"

ယွန်းကခေါင်းညိတ်ပြရင်း ပိုင်စိုးဘက် တည့်တည့်မလှည့်ဘဲ တစောင်းရပ်နေသည်။ ယွန်း ၏ ဆံပင်ခွေကလေးများ လေအဝှေ့မှာ ဝေ့ခနဲ ဝေ့ခနဲ လွင့်သွားလေသည်။

“သူကော”

“ဘယ်သူလဲ”

“သူလေ”

ယွန်းက မေးကလေးငေါ့ပြမှ ပိုင်စိုးက သြော် ........တို့လား ဆိုကာ ပြောလာလေ၏။

“အနာက ပြည်တည်သွားတယ်၊ တို့ တက်ထရာဆိုင်ကလင်းစားဖို့ မေ့သွားလို့လေ”

“ဟင် ....မှန်မှန်စားရောပေ့ါ၊ ညီ့ကို တို့ဆေးမှန်မှန်တိုက်တယ်၊ အခု ချုပ်ရိုးတောင် ဖြေပြီး သွားပြီ”

“ညီက ကံကောင်းတာပေ့ါ”

“ဟင်”

“ယွန်းလို ညီမလေးရှိတာ ညီကံကောင်းတယ်လို့ ပြောတာပါ”

ပိုင်စိုး တစ်ဦးတည်းသော သားဖြစ်ကြောင်း ယွန်းသိသည်။ ပိုင်စိုးအဖေက တာဝန်ကြီးသော အရာရှိကြီး ဖြစ်လေတော့ အိမ်မှာရှိခဲလှသည်။ ပိုင်စိုးမိခင်ကလည်း အလုပ်နှင့် အစည်းအဝေးတွေ နှင့် အိမ်မှာနားနေရသည်မရှိ။ ပိုင်စိုးအဒေါ်နှင့် အဘွားကတော့ ရှိပါရဲ့၊ သူတို့အိမ်သည် တိတ် ဆိတ် ခြောက်ကပ်လွန်းလှသည်။ ယွန်းတို့အိမ်ကမှ ယွန်းနှင့်ညီရှိလျှင် ဆူဆူညံညံ အသံဗလံ စုံ လင်သေး တာ။

“ယွန်း ကျောင်းသွားတော့မယ်”

“တို့လဲ သွားမှာပါ”

“အို ....တူတူသွားလို့ ဘယ်ဖြစ်မလဲ”

“ဘာဖြစ်လို့လဲ”

“ညီ တွေ့သွားရင် စိတ်တိုမှာပေါ့”

“ညီ ခုလောက်ရှိ ကျောင်းရောက်နေပါပြီ ယွန်းရယ်”

“ဒါပေမယ့် တို့ဘာသာပဲ သွားမယ်၊ သူ သပ်သပ်သွား”

ပိုင်စိုး ရယ်လေသည်။ သူရယ်လိုက်တော့ သွားတက်ကလေးဖွေးခနဲလက်ကာ ပို၍ ကြည့် ကောင်းတာ အမှန်ပင်။

“ဒါဖြင့်လဲ ခဏနေမှသွားပါ ယွန်းရယ်၊ တို့နဲ့ ခဏတော့ စကားပြောပါဦး”

“ကျောင်းနောက်ကျနေလိမ့်မယ်”

ပိုင်စိုးသည် ယွန်းကို ရီဝေစွာငေးကြည့်ရင်း ပခုံးတစ်ချက်တွန့်လေ၏ ။

“ယွန်းက ဆက်ဆံရေး အရမ်းကျဲလွန်းတယ်”

ယွန်း နှုတ်ခမ်းကလေး စူမိသည်။

“ယွန်း ဒီလောက်ဝန်လေးနေလဲ မတားတော့ပါဘူးကွာ၊ ကဲ .....သွားပါ၊ ယွန်းသွားပြီး ငါးမိနစ် လောက်မှ တို့ထွက်ခဲ့တော့မယ်”

ယွန်းခြေတစ်လှမ်း နှစ်လှမ်းရမှ ရပ်တန့် တွေဝေသွားသည်။

သူ့ခေါင်းကဒဏ်ရာဟာ ယွန်းကြောင့်ရတာ မဟုတ်လား၊ ယွန်းတစ်ခါမှ မတောင်းပန်ရသေး ပါလား၊ ယွန်း ရိုင်းစိုင်းနေသည် ထင်သည်။

ပိုင်စိုးက ခေါင်းငိုက်စိုက်နှင့် သူတို့၏ သံပန်းဝင်တံခါးကို တွန်းဖွင့်နေပြီ၊ ပိုင်စိုး ပြန်ဝင်သွား တော့မည်။

ပိုင်စိုး ဟုယွန်းက တိုးတိုးကလေးခေါ်မိသည်။

သူက ဝင်တံခါးကိုကိုင်ရင်း လှည့်ကြည့်သည်။

"သူ့ကိုညီနဲ့ရန်ဖြစ်တယ် အောက်မေ့လို့ တို့လုပ်မိတာနော်၊ တို့အားနာလိုက်တာ"

ပိုင်စိုးမျက်နှာ လန်းဆန်းရွှင်ပျလာကာ ယွန်းထံလှျောက်လာ၏ ။

"ညီ့ဘာသာ လမ်းတလေတွေနဲ့ ရန်ဖြစ်တာပါ၊ အဲဒီ ကောင်တွေက သူ့ကိုယောက်ဖလို့ လိုက်စတာကို စိတ်ဆိုးပြီးသူကပဲ စချဲတာ၊ တစ်ယောက်တည်းဆိုတော့ ဟိုမောင်တွေပိုင်းဖြည်ကြ တော့ သူခံနေရတာ ပေ့ါ၊ ဒါနဲ့ တို့တွေက ဝင်ကူတာပါ"

ညီတို့ရန်ပွဲအကြောင်းကို ယွန်းတို့ ဂဃဏန သိရသေးတာမဟုတ်၊ ညီကလည်း မေမေမေး တာတောင် ရေရေရာရာ အဖြေမပေးဘဲ ထုံပေပေ တေမိဇာတ်ခင်းနေတာ။

"တို့မှ မသိတာ၊ ညီ့ကို ကိုပိုင်က ရန်စရှိဖူးတယ် မဟုတ်လား၊ ညီ့ကိုသူဝင်ကူမှန်း တို့ဘယ် သိမှာလဲ၊ သူနဲ့ ရန်ဖြစ်တယ်ပဲ ထင်မိတာပေ့ါ"

ပိုင်စိုးကို သူ့အိမ်က ခေါ်သံကြားဖူးနေတာမို့ နီတာကလည်း တရင်းတနှီးခေါ်တာမို့ ယွန်း ကလည်း ကိုပိုင်ပဲ ခေါ်လိုက်လေသည်။ ပိုင်စိုးအား ယွန်း အုတ်ခဲနှင့်ထုမိတာကို မေမေကမဆူပါ။ အ ပြစ်တင်လိုဟန် ချင့်ချိန်ပြီးလုပ်မှပေ့ါ သမီးရယ်ဆိုသော်လည်း ယွန်းက မေမေပဲ စဉ်းစား ကြည့်ဦး၊ ပိုင် စိုးတို့က ညီ့ကို အထက်စီးကိုင်ထားပြီး ညီ့ခေါင်းမှာလဲ သွေးတွေနဲ့ ကဲ .....ယွန်း ဘာလုပ်မလဲ၊ ဒီလို ပဲလုပ်မှာပေ့ါ၊ ချင့်ချိန်ဖို့လဲ အချိန်မရှိဘူးလေ၊ ဘာညာ ရှည်ရှည်ဝေးဝေး အ ထွန့်တက် ဆင်ခြေလဲ ပစ်လိုက်တော့ မေမေ စကားမဆက်သာ။

"ညီက ယွန်းကို သိပ်နှမြောတာပဲ၊ နည်းနည်းမှ စလို့မရဘူး ........."

ပိုင်စိုးက ယွန်းကို ငေးငေးစိုက်စိုက် ကြည့်ကာ ဆို၏ ။

“ကိုပိုင့်အမေက တော်တော် စိတ်ဆိုးတယ်တဲ့၊ တို့အမေသွားတောင်းပန်တာတောင် မကျေ နပ်နိုင်ဘူးပြောတယ်”

ဖြစ်သည့်ညမှာပဲ မေမေသည် ပိုင်စိုးတို့အိမ်ကို သွားကာအနူးအညွတ် တောင်း ပန်လေ သည်။ အိမ်နီးချင်းတွေမို့သာ တောင်းပန်တာကို လက်ခံလိုက်ရတာဟု ပိုင်စိုးမိခင်အရာ ရှိမကြီးက ခပ်တင်း တင်း ခပ်စီးစီးဆိုသတဲ့၊ ရဲတောင်တိုင်မလို့ သူ့အဖေဖျက်လို့ပေ့ါဆိုပြီးလဲ ပိုင်စိုး ဖခင် ဘက်သို့ မေးငေ့ါ ပြသေးသတဲ့။

ပိုင်စိုးသည် ယွန်းကို အားနာစွာ ပျာပျာသလဲ ရှင်းပြဖို့ကြိုးစားသည်။

“မကျေနပ်တာတော့ မဟုတ်ပါဘူးကွာ၊ မာမီက တို့ကိုဆိုသိပ်စိတ်ပူတတ်လို့ပါ၊ သည်းတယ် ပေ့ါကွာ”

“သူ့အမေက တို့အမေကို ပြောလိုက်တယ်တဲ့၊ တို့မောင်နှမတွေ အဆင့်အတန်းရှိအောင်၊ လိမ္မာယဥ်ကျေးအောင် ဆုံးမသင့်တယ်ဆိုပဲ”

“ဟာ ...... အဲဒီ အဓိပ္ပာယ်မျိုးတော့ ဟုတ်မယ်မထင်ပါဘူး ယွန်းရာ ........”

“ဟုတ်တော့ ဟုတ်ပါတယ်၊ အဲဒီ အဓိပ္ပာယ် အဲဒီ စကားလုံးပါပဲ၊ တို့အမေက သူများအ ပြောအ ဆိုခံတတ်တာ မဟုတ်ဘူး ကိုပိုင်၊ တို့က သူ့ကို လက်လွှန်သွားမိလို့သာ တို့အမေခံ လာ ရတာ ”

ယွန်းက တကယ်ဆို ပိုင်စိုးကို တောင်းပန်ချင်တာပါပဲ၊ ခုတော့ ပြောရင်းဆိုရင်း ပိုင်စိုးအမေ ကြောင့် ခံပြင်းဒေါသဝင်လာပါရောလား။

ပိုင်စိုးသည် ယွန်းကို ပြုံးယောင်ယောင် မျက်လုံးများနှင့် စိုက်ငေးကြည့်နေသည်။

“ကိုပိုင့်အမေက လေကြောတကယ်မြင့်တယ်”

မအောင့်နိုင် မထိမ်းသိမ်းနိုင်ပဲ ပြောမိလက်စမို့ ဆက်ပြောပစ်သည်။

"အေးကွာ ...... မာမီကလဲ ဘာတွေ လျှောက်ပြောတာလဲ မသိဘူး၊ တို့ကဖြင့် တို့ခေါင်းဒဏ် ရာရတာ ကို ဝမ်းသာနေတာ၊ ယွန်းတို့ တောင်းပန်ဖို့ မလိုပါဘူး၊ ဒီဒဏ်ရာကို အကြောင်းပြုပြီး တို့ကို ယွန်းမမုန်းတော့ရင် ကောင်းမှာဘဲလို့ တို့က မျှော်လင့်နေတာ"

ယွန်းနှုတ်ခမ်း ထွေးထွေးကလေးဟ ကာ ငေးနေသည်။ အင်း ဒါမှ ဟော့လျှော့ပဲဟု တွေး ကာ ရယ်လည်း ရယ်ချင်သွားမိ၏ ။

"အစကတည်းကလဲ မုန်းတော့ မမုန်းပါဘူး"

ပိုင်စိုး မျှော်လင့်ခြင်းဖြင့် မျက်လုံးတွေ အရောင်တောက်ပလာတာကို ယွန်းက သဘောကျ စွာ ခစ်ခနဲ ရယ်မိ၏ ။

"တို့က မုန်းတာမဟုတ်ဘူး၊ ချဉ်တာ "

"ချဉ်တာ ဟုတ်လား၊ ယွန်းကရက်စက်တယ်ကွာ"

ပိုင်စိုး သက်ပြင်းချရင်း ညည်းတွားသည်။ ယွန်းရယ်မိပြန်လေ၏ ။

"ဘာလို့ ချဉ်ရတာ လဲဟင် ယွန်း"

ဘာလို့ချဉ်ရတာ လဲတဲ့၊ အဲဒါမှ ပြဿနာ၊ ယွန်းမှာ ဘာကြောင့်ရယ် အဖြေခက်ရပါလား၊ သူ ယွန်းတို့ကျောင်းဘက် ခဏခဏလာတာ၊ ယွန်း စာကျက်ချိန်မှာ ဂစ်တာခေါက်ပြီးသီးချင်း ညည်း တာ၊ ဒါတွေကိုတော့ အကြောင်းမပြသာ။

သူ စာတော်တာကြောင့်ဆိုရင် ပိုအပြောရခက်ဦးမှာ အမှန်တော့ အဲဒီ အကြောင်းက အဓိက ဖြစ်နေတာ၊ ယွန်းစိတ်ပုပ်ရာရောက်နေတော့တာပေ့ါ။

သူက ယွန်းတို့ထက် ခမ်းနားသော စာသင်ဝိုင်းတွေမှာ ငွေအနင့်သားပေးပြီး သင်နိုင်တာ။ ကားတဝီဝီစီးပြီး သက်တောင့်သက်သာ ပညာရတာ ။ သူလိုသာ ယွန်းသင်ရလျှင် ယွန်း သူ့ထက်မ က၊ ပြီးတော့ ယွန်း၏

လက်ရှိအနေထက်မက အမှတ်တွေ ပိုရမှာပေါ့၊ သူ့ပညာသင်ကြားရေး အခြေအနေကို နားစွင့်ရင်း မျှော်ကြည့်ရင်း အားကျရာမှ တကယ်တော့ ယွန်းဟာသူ့ကို မနာလို မရှုစိမ့်နေ တာ မဟုတ်လား။

"ဒါကို ယွန်းဖွင့်ပြောရမှာ ရှက်စရာပါ။ ထို့ကြောင့် ......."

"ခုတော့လဲ မချဥ်တော့ဘူး ကိုပိုင်၊ ကဲ ......တို့သွားတော့မယ်"

ဟုသာ လျှောချကာ ထွက်ခဲ့သည်။

"ပိုင်စိုး လိုက်ခဲ့မည် ခြေလှမ်းပြင်တော့ယွန်း ခေါင်းခါယမ်းကာ ........."

"ဟင့်အင်း ....... ဟင့်အင်း၊ နေရစ်တော့"

ဟု ကန့်ကွက်သည်။

ပိုင်စိုးသည် ကျေနပ်နှစ်သိမ့်စွာပင် ပြုံး၍ ကျန်ရစ်လေ၏ ။

ယွန်းကို ပိုင်စိုး မျက်စိတဆုံး လိုက်ကြည့်နေမှာပဲ ဆိုတာသိနေတော့ ယွန်း လမ်းမလျှောက် တတ်ပဲ ခြေလှမ်းမှားရသည်။

တစ်ပြိုင်တည်းမှာပင် ရှက်သွေးတဝေဝေနှင့် ရင်ခုန်ရသော အတွေ့အကြုံသစ်ကို ခံစားရဖူး လေသည်။

ယွန်းသည် ရှစ်တန်းကတည်းက ပညာဂုဏ်၊ အလှဂုဏ်သတင်းမွှေးကာ စန်းပွင့်ခဲ့သူ၊ သို့တစေ စာလိုက်ပေးတာ၊ ပိုးပန်းတာတွေကို အနှောင့်အယှက်ပေးသည်။ သိက္ခာချသည်ဟု ယူမှတ် လျက် ယွန်း ဒေါသထွက်မြဲ စိတ်ဆိုးမြဲ။

သည်တစ်ကြိမ် ယွန်းစိတ်မဆိုးရုံမက သဘောပင်ကျမိသေးတာဟာ ယွန်းကပဲ ရင့်ကျက် လာလို့လား၊ ပိုင်စိုးကပဲ မိလွန်း ဖြူလွန်းလို့လား။

ဒါမှမဟုတ် ယွန်းတို့က ကိုးတန်း ရောက်မှပဲ သပြေတို့အရွယ်

စိမ်းဆတ်ဆတ် စိတ်ကစား တတ်လာတာ ထင်ပါရဲ့နော်။

***

စိမ်းနုသည် လူနာပါးသည် ဆိုသည်နှင့် ဆရာ့အတွက် ကော်ဖီမှာရသည်။

ဆရာဆိုတာ ဒေါက်တာနေဘွားလေ။

စိမ်းနုရဲ့မောင် ဆိုတာကိုတော့ ရင်ထဲမှာသာ သိမ်းထားရတော့တာပါ။

ပြန်တွေ့စကတော့ ဘာဆိုဘာမှ မခေါ်ဆိုတတ်ခဲ့။ သူ ပြန်သည် ထွက်ခွာသွားမှာပဲ ဆိုပြီး တော့လည်း မယုံမရဲ သံသယဝင်နေလေတော့ အနာဂတ်အထိ အတွေးမဆန်းဖြစ်ဘဲ ပစ္စုပ္ပန်မှာ သာ နစ်မွန်းနေခဲ့လေသည်။

ပြီးတော့ ညီ၊ ညီတို့ မောင်နှမ သွေးသံရဲရဲ ရောက်လာခြင်းသည် စိမ်းနု၏ စီးပွားရေးလုပ်ငန်း ဆောင်တာတွေကို သေးသိမ် မှိန်ဝါးသွားစေနိုင်စွမ်းခဲ့သည်။ ဤသားသမီးတွေသာလျှင် စိမ်းနုအ တွက် အရေးကြီးဆုံး၊ စိမ်းနုကိုအပိုင်ဆုံးဆိုတာ စိမ်းနု ထင်းခနဲ သိမြင်ခံစားလိုက်ရလေသည်။ ထိုအ ဖြစ်က တစ်နည်းတစ်လမ်းအားဖြင့်တော့ ညီတို့မောင်နှမတွေကို ဆရာစွန့်ခွာရန်းထွက်မသွား မိ အောင် တုံ့ဆွဲရစ်နှောင်ထားလိုက်တာပါပဲ။

ထိုနေ့က ဆရာသည် ညီ့နဖူးချုပ်ပြီးနောက် ကော်ဖီဝိုင်းဖွဲ့သောက်ကြစဉ် ကိုကို၊ ညီညီ၊ ယွန်း သုံးယောက်စလုံး၏ ပညာရေးကို အသေးစိတ်လေ့လာ မေးမြန်းခဲ့လေသည်။

စိမ်းနု၏ စီးပွားရေးအခြေအနေနှင့် ပတ်သတ်၍ တော့ တစ်စွန်းတစ်စ တစ်ခွန်းမှပင် သူမဆွေး နွေးခဲ့ပေ၊ လူကြီးတွေသာ ဖြစ်လာပြီမို့ ခေတ်ပညာတတ်ကြီးလဲ ဖြစ်လာပြီမို့ သူတစ်ပါး အတွင်းရေး ကို မစပ်စုလိုသော သဘောလည်းဖြစ်မည်ထင်ရဲ့။

ယခုဆိုလျှင် စိမ်းနုဆေးခန်းမှာ သူကုသရေးတာဝန်ယူနေသည်မှာ တစ်ပတ်ရှိခဲ့ ပြီ။

ဆရာဝန် အပြောင်းအလဲမှာ ဖြစ်မြဲ ထုံးစံအတိုင်း လူနာတွေတော့ အလျော့အတိုး မတည်မ ငြိမ် ပြောင်းလဲသည်။

ယနေ့ လူနာငါးယောက်ရပြီး နောက်ထပ် ရောက်မလာကြပေ။

ဆရာသည် သူ့အခန်းထဲမှာ တစ်ယောက်တည်း အခန်းအောင်းကာ စာဖတ်နေသည်။

သားကြီးကိုကိုက ကော်ဖီရောက်ပြီ သွားခေါ်မှ ထွက်လာလေ၏ ။

"ဘာတွေများ ဒီလောက်တောင် ဖတ်နေတာလဲ ဆရာ"

စိမ်းနုက ကော်ဖီပန်းကန်ကို သူ့ဘက်ရွှေ့ပေးရင်း ပြုံး၍ မေးသည်။ စိမ်းနုအနေနှင့် သူသည် ယခုထက် အနည်းအကျဉ်းရင်းနှီးခင်မင်မှုပြုနိုင်သေးသည် ထင်မိသည်။ ငယ်စဉ်က ထောင့်တစ် ထောင့် တစ်နေရာ တစ်ကဏ္ဍကို ပြည့်ဖုံးကားချခဲ့ပြီး ခင်မင်ပျော်ရွှင်ခဲ့သမျှတွေကိုတော့ ထိန်းသိမ်း ထားနိုင်သေးတာပဲမဟုတ်လား။

"တို့လား၊ ရန်ကုန်ပြန်ရောက်တုန်း စာမေးပွဲဝင်ဖြေမလားလို့လေ"

နေဘွားက စီးကရက်တစ်လိပ် မီးညှိနေသည်။သူ့ ဓာတ်ငွေ့မီးခြစ်က ခြစ်မရနိုင်တာမို့ ကိုကို က ယမ်းမီးခြစ် ကမ်းလိုက်လေ၏ ။

"ဘာစာမေးပွဲလဲ ဆရာ"

"ဘွဲ့လွန်တစ်ခုခုပေ့ါ၊ ဆေးပညာဆိုတော့၊ ရဖို့တော့မလွယ်ပါဘူး၊ ကိုယ်တို့က နယ်မှာ ဟို လွင့်ဒီလွင့် နေနေလာရင်း ခေတ်မမီတော့ပါဘူး စိမ်းနုရာ"

စိမ်းနုသည် သူမက ယခုဆရာဟုခေါ်နေရသော ဒေါက်တာ နေဘွား၏ စကားမျိုးတွေကို မ ယဉ်ပါးသော်လည်း ကြားဖူးနားဝတော့ ရှိနေပြီ။ သူမ၏

ဆေးခန်းမှာ လာထိုင်သော ဆရာဝန်အများ စုသည် ဘွဲ့လွန်ရဖို့ မလွယ်ပါဘူးဆိုတာပဲ။

“ဆရာက လူတော်ပဲ၊ ဆရာက မလွယ်ဘူးဆိုရင် တခြားလူတွေ ဘယ့်နှယ်ရှိပ့ါမလဲ”

ဒေါက်တာနေဘွားက ဒူးယားတစ်လိပ် မီးညှိရှိုက်ဖွာသည်။

သားကြီးကိုကိုကား သူ့ကျောင်းစာအုပ်တစ်အုပ်ကို ရှေ့တွင်ချထားကာ ဟောတစ်ယောက် ဟောတစ်ယောက် မကြာခဏ ရောက်ရှိလာသော ဆေးဝယ်သူများကို ရောင်းချပေးနေသည်။

“ဆေးကျောင်းမှာ လူတော်ချည်းပဲ စိမ်းနုရဲ့၊ စာနောက်ကို မပူမပင် မကြောင့်မကျ လိုက် နိုင်တဲ့ လူလိမ္မာတွေဟာ ရှေ့တိုးသွားပြီး လူဖြစ်စေ၊ ဘဝဖြစ်စေ ဂဏှာမငြိမ်တဲ့လူတွေနောက် ကျန်ရစ်တာ ပဲ”

ဆရာနေဘွားက ဘဝမငြိမ်သက်သူဘဲလေ၊ ဒါကြောင့်လည်း လူးလူးလဲလဲနှင့် စိမ်းနု တို့ဆေး ခန်းမှာ လာပြီး သောင်တင်နေတာပေ့ါ။

ပြန်တွေ့စက သူ့မိဘမောင်နှမအကြောင်းတော့ စိမ်းနုသတင်းမေးဖြစ်သည်။

နေဘွား၏ ပထွေး ဆုံးပါးခဲ့ပြီ။ သူ့မိခင်ကတော့ မာမာချာချာရှိဆဲ။ သူ့ညီမနှစ်ယောက် အိမ် ထောင်ကွဲသွားကြပြီ၊ အငယ်ငါးယောက်အနက် တက္ကသိုလ်မှာ နှစ်ယောက်ကျန်သေးသတဲ့။

သူ့ မိသားစုတာဝန်ကို နေဘွားသာ ဦးဆောင်ထမ်းရွက်နေဆဲဖြစ်ကြောင်းတော့ စိမ်းနု သိနိုင်သည်။

စိမ်းနုမသိတာက သူ့အိမ်ထောင်ရေး၊ သူ လူလွတ်လား အိမ်ထောင်ရှိသလား၊ သူကလည်း ပြောမပြ၊ ဒေါ်စန္ဒာကြည်ကအထွက်၊

ဆရာနေဘွားကအဝင် ဆေးရုံမှာ ခဏဆုံဆည်းကြတာမို့ ကိုယ်ရေးကိုယ်တာတွေကို ဘယ်သိနိုင်ပါ့မလဲ။

"ဆရာ စစ်တပ်ထဲမှာ တော်တော်ကြာခဲ့သလား"

"သုံးနှစ်ပါပဲ၊ နှစ်စေ့တော့ ထွက်လိုက်တယ်၊ ပထမဆုံးရောက်တာက အညာ"

သူနှင့် စိမ်းနုတို့ ငယ်စဉ်က နေထိုင်ခဲ့သော မြို့ကလေးသို့တာဝန်ကျခဲ့သည်ဟု ပြော ပြနေစဉ် တွင် နေဘွား၏ မျက်လုံးတွေ ပြုံးလဲ့ရီဝေနေ၏ ။ စိမ်းနုလည်း အတိတ်၏ ညို့ဆွဲချက်တွင် ဖက်တွယ် ကြည်နူးကာ ပစ္စက္ခကို တဒင်္ဂတော့ မေ့ဖျောက်ပြီး ရယ်မိလာသည်။

"စိမ်းနုတို့ နေခဲ့တဲ့အိမ်တွေ ရှိသေးလား ဟင်၊ ရှိမှာပေ့ါနော်၊ ဟို ...... သွပ်နဲ့ဆောက်ထားတဲ့ အိမ်သာတွေ မီးဖိုဆောင်တွေကော ဟင်"

နေဘွား နှစ်နှစ်ခြိုက်ခြိုက် ရယ်မောသည်။ ထိုစဉ်က စိမ်းနုကို ကြည့်သောအကြည့်တွင် နှစ် လိုခင်တွယ်ရိပ်တွေ ပြည့်လျှမ်းလာနေလေ၏ ။

"စိမ်းနုမေးမှ ကိုယ်စဉ်းစားမိတယ်၊ အဲဒီ တိုက်တန်းလျားတွေ ရှိသေးရက်နဲ့ တစ်ခုခု ပြောင်း လဲ နေတယ် ထင်ခဲ့မိတာ၊ လက်စသတ်တော့ သွပ်တွေ မရှိတော့ဘဲကိုး၊ သစ်သားတွေနဲ့ ပြင် ဆောက် ကုန်ပြီ စိမ်းနုရဲ့"

"စိမ်းနုဖြင့်လေ အိမ်ပြင်မိုးမို့ သွပ်တွေဝယ်ရတော့ ဈေးကြီးလွန်းလို့ အဲဒီတုန်းက သွပ်တွေကို သတိရလိုက်တာ၊ စိမ်းနုတို့ ငယ်ငယ်တုန်းက အစစအရာရာ သိပ်ပေါများတာပဲနော်"

"သားကြီးကိုကိုသည် သူ့ဘာသာ စာဖတ်နေရာမှ ခေါင်းထောင်လာကာ ......."

"သူငယ်ငယ်က ချော့ကလက် ပေါင်လိုက်ဝယ်စားရတာ ကို မေမေက

ခဏာခဏာ တမ်းတ တယ် ဦးရဲ့”

ဟု ဝင်ပြောသည်။

ချောကလက်နှင့် ပတ်သတ်၍ လည်း စိမ်းနုတို့မှာ သတိရစရာတွေ အများကြီး ရှိခဲ့ တာပဲလေ။

“ကိုကိုတို့အဘွားက သူတို့ကို သိပ်ကျွေးတာ၊ ကိုယ်က ကပ်ကပ်စားခဲ့ရတာ ကွ”

စိမ်းနုတို့မိခင်ကို သူ သတိတရရှိနေသေးတာမို့ ဝမ်းမြောက်မိသည်။

စိမ်းနုကလည်း နေဘွားမိခင်ကို တစ်ခါတရံတော့ သတိရမိတတ်သည်။ သို့တစေ နေဘွား နှင့် ဆက်စပ်ပြီးသာ တွေးမိတတ်တာပါ။ အညာမြေကို စွန့်ခွာခဲ့ရပြီးကတည်းက နေဘွား၏ မိသားစု သည် စိမ်းနုနှင့် အလှမ်းကွာဝေးခဲ့ကြတာပါပဲ။

ရန်ကုန်မှာ စိမ်းနုအခြေချနေတာ ဆယ်နှစ်ကျော်ခဲ့ပြီ ဖြစ်သော်လည်း သူ့မိသားစုကို တစ် ကြိမ်တစ်ခါမှ ရှာဖွေကြည့်ဖို့ မကြိုးစားမိဖူးသလို မတော်တဆလည်း မဆုံကြုံရဖူးခဲ့ပေ။ နေဘွားကို အကြောင်းတိုက်ဆိုင်တိုင်း သတိရမိတတ်သော်လည်း သူ့တို့ကိုတော့ မေ့မေ့ပျောက်ပျောက်ပဲလေ၊ မခွဲမခွာ တရင်းတနှီးမှလည်း မနေခဲ့ရပေပဲကိုး။

“စိမ်းနု ပြန်တွေးကြည့်တော့ မေမေဟာ သိပ်စုစုဆောင်းဆောင်းမရှိဘူးနော်၊ ဟိုလေ ဖြုန်း တာတော့လဲ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် ဖောဖောသီသီ ရက်ရက်ရောရော၊ အဲဒီ တော့ ဖေဖေဖြုန်း စားကြီးဆုံးသွားတော့ ကျန်သင့်သလောက် မကျန်ဘူး”

သားကြီး ကိုကိုသည် လမ်းဘေးဈေးတန်းတလျှောက် ဖြတ်သန်းရောင်းနေသည်ကို ငေး ကြည့်နေရင်းမှ စောင်းငဲ့ပြုံးရယ်သည်။

“မေမေကတော့ သိပ်စုဆောင်းတတ်သွားပြီ ဦးရဲ့၊ အခု ရှာလဲရှာတတ်လာပြီ”

ချစ်စနိုး ကျီစယ်ခြင်းပင် ဖြစ်သော်လည်း စိမ်းနုသည် ကိုကို့လေသံကို မနှစ်မြို့က်ပေ။ ကိုကို မကျေနပ်ဘူးထင်သည်။

“အဲ့ဒါ စိမ်းနု ကပ်စေးနဲတာ ပြောချင်တာဆရာ”

ဆရာနေဘွားက အသံထွက်အောင် ရယ်သည်။

“သူတို့ မောင်နှမတွေက တီဗွီလိုချင်ကြတယ်၊ ဆယ့်လေးလက်မတောင် တစ်သောင်းကျော် ဈေးပေါက်နေတာဆရာရဲ့၊ တီဗွီဝယ်လိုက်ရင် အရင်းအနှီး လည်ပတ်စရာငွေနည်းသွားမှာ၊ ပြီးတော့ သူ့ညီနဲ့ ညီမ စာကျက်မှာမဟုတ်တော့ဘူး”

ဆရာနေဘွားသည် ဦးခေါင်းတစ်ချက်ဆတ်ကာ ပြုံးသည်။

“အရင်းအနှီး နည်းသွားမယ်ဆိုတာတော့ ဟုတ်ပါတယ်ဦးရယ်၊ စာကျက်တာနဲ့သာ မဆိုင်တာ သတင်းတို့၊ သိပ္ပံဘာသာသင်ခန်းစာတို့ကြည့်၊ တခြားအစီအစဉ်တွေတော့ စနေ တနင်္ဂနွေကြည့်၊ ဒါ ဆိုပြီးတာပဲ မဟုတ်လား”

“ကိုကိုက ရှေ့နေလိုက်ပေးနေပြန်ပြီ၊ ကဲ ...... ကိုကိုကော ဘယ်အချိန်သွားကြည့်မလဲ၊ နေ့ တိုင်း ဒီဆေးခန်းမှာပဲ အချိန်ကုန်ရတာ မဟုတ်လား”

“ညီနဲ့ ယွန်းအတွက်ပဲပေ့ါ မေမေရာ”

စိမ်းနုသည် ဦးနေဘွားဘက်လှည့်ကာ နှုတ်ခမ်းမဲ့ပြသော်လည်း မျက်လုံးတွေက ပြုံးနေ သည်။

“မေမေနဲ့သားက ကိုးနာရီမှ အိမ်ပြန်ရောက်တာ၊ တီဗွီရှိလို့ကတော့ သူတို့ အဲဒီ အချိန်မှ တီဗွီ ရှေ့က ခွာမှာပဲ”

ကိုကို ပခုံးတစ်ချက်တွန့်ကာ စိမ်းနုကို အလျှော့ပေးလိုက်တော့သည်။

"ယွန်းကတော့ သူ့စာသူကျက်ဖို့ မပေါ့လျော့ပါဘူး၊ ညီပဲ ညီက သိပ်ပြောရခက်တယ် ဆရာ ရယ်၊ မနှစ်က သူကိုးတန်းကျလိုက်တော့ ယွန်း လိုက်မီလာတယ်၊ သူက စာမှမကျက်တာဘဲ၊ Óဏ် ကမဆိုးပါဘူး ဆရာရယ် ........"

စိမ်းနုသည် ညီ့အတွက် ပူပန်သောက အမြဲရှိနေသည်။ အားမလိုအားမရ စိတ်တိုင်း နည်း နည်းမှမကျ။

"အလတ်မို့ အဲ့ဒီလိုခွကျနေလား မသိပါဘူး"

"အလတ်မို့ မဟုတ်ပါဘူး စိမ်းနုရယ်၊ သူနဲ့ ယွန်းက သိပ်နီးသွားတော့ မိခင်ရင်ခွင်ကနေ စော စောစီးစီး ဖယ်ပေးလိုက်ရတာ ကို သူမကျေနပ်ဖြစ်မှာပေါ့၊ အမှန်တော့ ဒါဟာ အရွယ်အလိုက် ပြောင်း လဲသွားရမှာ၊ ညီ့မှာ ခက်နေမှာက ယွန်းကလည်း သူ့ဝီရိယ၊ သူ့အရည်အသွေးနဲ့၊ ကိုကို့ကိုလဲ စိမ်း နုက အားကိုးအားထားပြုနေနိုင်တာ ညီ့မှာ၊ သူကတော့ အဲသလို ရေရေရာရာ ဘာမှမဖြစ်မြောက်ဘူး ဆိုတဲ့ အငုံ့စိတ် သိမ်ငယ်စိတ် ရှိနေမှာပေါ့"

"သူ ကြိုးစားရင် ဖြစ်ပါတယ်ဆရာရယ်"

"သူကြိုးစားချင်အောင် စိမ်းနုတို့ပံ့ပိုးဖေးမပေးရမယ်လေ"

"ဘယ်လို ပံ့ပိုးရမှာလဲ"

"သူ့ကို ကိုကိုနဲ့ဖြစ်ဖြစ်၊ ယွန်းနဲ့ပဲဖြစ်ဖြစ် နှိုင်းယှဉ်ပြီး နှိမ်မပြောနဲ့၊ မချီးမွမ်းနဲ့၊ တစိမ်းတ ရံစာနဲ့ လဲ မနှိုင်းယှဉ်နဲ့၊ ပြီးတော့ စိမ်းနု သူ့အတွက် အချိန်ပိုပေးရလိမ့်မယ်"

စိမ်းနုသည် ဆရာနေဘွား၏ စကားတွေကို မပယ်လှန်နိုင်သော်လည်း လွယ်လင့်တကူ အလျှော့မပေးလိုက်ချင်ပေ။

"စိမ်းနုက မိုးလင်းကမိုးချုပ် ဒီဆေးဆိုင်မှာ ထိုင်ရတာ ဆရာ၊ ကလေးတွေအတွက် ဒီထက်ပို ပေးစရာ အချိန်မှမရှိဘဲ၊ သူတို့အသိနဲ့ သူတို့ဝေဖန်

လုပ်ကိုင်တတ်စေချင်တာပဲ”

နေဘွားပြုံးသည်။

“သူတို့ ငယ်ကြသေးတယ်စိမ်းနုရယ်”

စိမ်းနု ခေါင်းသွက်သွက်ခါယမ်းငြင်းဆန်သည်။

“စိမ်းနု အဲဒီ အရွယ်မှာ အဲဒီ ထက်သိတတ်ခဲ့တယ် ဆရာ”

နေဘွားက စိမ်းနုကို စူးစူးစိုက်စိုက်ကြည့်သည်။ သူ့အကြည့်၏ နက်ရှိုင်းကျယ်ဝန်းသော အဓိ ပ္ပာယ်တွေသည် စိမ်းနုကိုသရော်ခနဲ့နေလေသည်။ စိမ်းနု ပါးနှစ်ဖက် နွေးခနဲ ပူရှိန်းရဲ တက်လာ တော့ သည်။

ဆရာ့ကလေးတွေကတော့ ငယ်ဦးမှာပေါ့၊ ကလေးတွေ လူလားမြောက်တဲ့အထိ ပဲ့ပြင်ထိန်း ကျောင်းရတဲ့ အတွေ့အကြုံဘယ်ရှိပါ့ဦးမလဲ၊ ဆရာ့မှာ ဘယ်နှစ်ယောက်ရှိလဲဟင် ဟုပြောမိပြောရာ ပြောပစ်တော့၏ ။

နေဘွားသည် ချက်ချင်းမပြောဘဲ စိမ်းနုကို ကြည့်မြဲ ကြည့်သည်။

ကိုကိုသည်လည်း ပြုံးစစနှင့် လှည့်ကြည့်လေ၏ ။ ကိုကို့ပင်ကိုယ်က နှုတ်နည်းသူမို့သာ ဖွင့် ဟမမေးခဲ့တာ၊ သူလည်းသိချင်နေမှာပေါ့။

“ကိုယ့်အမေမွေးထားတာတွေဟာ ကိုယ့်ကလေးတွေပဲပေါ့ စိမ်းနု၊ ကိုလဲ ပဲ့ပြင်ထိန်း ကျောင်း တတ်ပါတယ်”

စိမ်းနု နှုတ်ဆွံ့ငြိမ်သက်သွားရပြန်သည်။ အိမ်ထောင်ရေး အခြေအနေကို မေးချင်နေတာ ကြာပြီ၊ ပြန်တွေ့စကတည်းက ပါပဲ၊ မေးမယ့်မေးမိပြန်တော့ တစ်ပိုင်းတစ်ဝက်နှင့် မရေရာ၊ ကလေး မရှိသေးလည်း အိမ်ထောင်တော့ ရှိနိုင်သေးတာပဲ မဟုတ်လား။

လူနာတစ်ယောက် ဝင်လာသည်။ သည်ရိပ်ငြိမ်မှာ နှစ်ရက်ကုသခဲ့ပြီးနောက် ပျောက်သွား သော အမေအိုလေ။

ရောဂါပျောက်သွားတာမဟုတ်။ လူပျောက်သွားတာ စိမ်းနုသိသည်။ သူမ ဆေး
ခန်းပြောင်းသွားတာ၊ ယခု ဟိုမှာလဲ မပျောက်ကင်းခဲ့တာမို့
တစ်ပတ်ပြန်ကျော့လာတာပေါ့။

စိမ်းနု ဝမ်းသာသလို နေဘွားလည်း ဝမ်းသာမှာပဲ၊
ဝမ်းသာပုံချင်းတော့လည်း မတူနိုင်ဘူး ပေါ့ လေ။ စိမ်းနုက ရိပ်ငြိမ်မှာ
ဆေးကုခစျေးကြီးကြီးပေမယ့် ပျောက်အောင် ကုနိုင်တာကို သက် သေပြ ချင်သည်။

"နေဘွားကတော့ ......."

"အမေ ပေါ်မလာလို့ ကျွန်တော်စိတ်ပူနေတာ၊ အမေ့အဆုတ်တွေထဲက
ချွဲတွေမှ မရှင်းမ ပျောက်သေးဘဲ ဆေးဖြတ်လိုက်တာကိုး အမေရယ်"

"မတတ်နိုင်တာနဲ့ ဆရာရေ၊ တစ်နေ့အစိတ်လောက် ကျနေတော့
အမေ့မှာ ရှာမရလို့"

"အမေ ကုနိုင်အောင် ကျွန်တော် စီစဉ်ပေးမှာပေါ့ အမေရယ်၊ ကဲ .....ဝင်
ဆေးခန်းထဲကို"

နေဘွားသည် နေရာမှထကာ စိမ်းနုကို မေတ္တာရပ်ခံသောအကြည့်ဖြင့်
ကြည့်ရင်း လေ သံနှိမ့် ၍ ဆိုသည်။

"ဒီအဘွားကြီးကို အမ်ပစလင်က ယူအိုင်ဒီ လေးရက်ဆက်ပေးလိုက်ရင်
ပျောက်မှာ စိမ်းနု၊ ကိုယ်ဆေးမထိုးချင်ဘူး၊ ဆေးတစ်ပုလင်းသာ
ရောင်းပေးလိုက်ပါကွာ၊ ပလိစ်"

စိမ်းနု မချိပြုံးနှင့် ခေါင်းညိတ်ရတော့သည်။ စိမ်းနုဖြစ်စေ ချင်တာက
ခါတိုင်းလိုပဲ ယိုးဒယား အားဆေးတစ်လုံးထိုး၊ ပြီးတော့
အမ်ပစ်စလင်လေးတောင့်နှင့်အတူ ရင်ကျပ်ပျောက်ဆေးတို့၊ ဘာမီ တွန်တို့
စီဗစ်တို့ညှပ်ပေး၊ ဒါဆို ငွေအစိတ်ယူနိုင်ကိုက်မည်၊ ဘီပီအိုင် အမ်ပစ်စလင်ဖိုးနှုတ်ပြီး

ကျန် ငွေဆယ့်ငါး ကျပ်ထဲက စိမ်းနုအတွက် ကိုးကျပ်ရမည်။ ထိုးဆေး ဘာညာအရင်းနုတ်ရပြန်တော့ စိမ်း နုအသားတင် သုံးကျပ်လောက်ပဲ မြတ်တာပါ။

သည်တစ်ပတ်တည်း အလုပ်လုပ်ရသေးတာတောင် သည်အမေးကြီးပါဆိုလျှင် သောက် ဆေးသက်သက်ရောင်းပေးလိုက်ရသော လူနာ သုံးယောက်ရှိသွားပြီ၊ ဆေးဖိုးဝါးခ မတတ်နိုင် အောင် နွမ်းပါးလှသူတွေ မပါလာပါစေနှင့် ဆုတောင်းရတော့မလိုပါပဲ။

"မေမေ့သူငယ်ချင်းက မဆိုးဘူးနော်၊ စေတနာကောင်းတယ်"

ကိုကိုတီးတိုးချီးမွမ်းတာကို စိမ်းနု မကြားဟန်ပြုကာ နေလိုက်သည်။

"ဆေးထိုးချင်တယ် ဆရာ၊ သောက်ဆေးနဲ့ဆို အမေမသက်သာဘူး"

"ဩော် ...... ကျွန်တော့်ဆီမလာခင် အရင်ဆေးခန်းမှာ အမေပင်နယ်စလင်တွေ ထိုးက ခဲ့ပြီပဲ၊ ပျောက်မှမပျောက်တာ၊ ဒီလာတဲ့နှစ်ရက်မှာ အမေသက်သာသွားတာ ဆေးတောင့်ကြောင့်၊ တခြား ဆေးတောင့် မဟုတ်ဘူး၊ အမ်ပစ်စလင်၊ အဲဒါဘယ်မှာ ဝယ်ဝယ် တစ်တောင့်နှစ်ကျပ်ခွဲ ပေါက်ဈေးပဲ အမေ၊ ဒါတောင်သုံးကျပ်ကနေ ကျသွားတာ၊ ဆေး ကောင်းတယ်၊ ဒီတော့ ဈေး ကောင်းတယ်၊ ဘယ့် နှယ် တတ်နိုင်မလဲ၊ ဒီထက်ဈေး သက်သာ မယ့် ဆေးတွေ အမေ ထိုးခဲ့ပြီပဲဟာ ဘယ်မှာပျောက်လို့လဲ"

"ဟိုနေ့က ထိုးပေးတဲ့ ဝါဝါလေးဟာ ဘာလဲ၊ အဲဒါတော့ထပ်ထိုးပေးပါ ဆရာရယ်"

ဆေးခန်းထဲမှ ပျံ့လွင့်လာသော စကားသံတွေ နားထောင်ရင်း စိမ်းနုရယ်ချင်လာသည်။ လူ နာတွေက ရောဂါတိုးကာမှ နေရာဆေးထိုးလိုက်ရမှ ကျေနပ်တာလို နေဘွားခုထိ လက်မခံနိုင်သေး ပါလား။ သူဆရာဝန်ဖြစ်တာပဲ ဆယ်နှစ်ကျော်နေမှနော်။

"ဆရာ ထိုးပေးလိုက်ပါ ဆရာရယ်၊ အဲဒါလဲ ဆေးဖိုးပဲယူလိုက်ပါ့မယ်"

စိမ်းနုက ရယ်သံဟဟနှင့် လှမ်းအော်ပြောမိသည်။ နေဘွားနှင့်သာ တာရှည်လက်တွဲ အလုပ် လုပ်ရလျှင် စိမ်းနုဆေးခန်းမှာ လူနာလျှံချင် လျှံလာမည်။ ဆေးဝယ်ဖို့ အရင်း ထပ်စိုက်စ ရာမရှိတော့ သည့်အဆုံးမှာ တဖြည်းဖြည်း လုံးပါး ပါးသွားမှာတော့ အသေချာ ပါပဲလေ။

လူနာအမယ်အိုက စိမ်းနုကို တစ်ခုတော့ အကျိုးပြုသွားလေသည်။

"ဆရာလေး အသက်ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော်လား၊ အမေ ဘယ်လောက်ရှိပြီ ထင်လို့လဲ"

"သုံးဆယ်လောက်တော့ ရှိမယ်ထင်ပါရဲ့"

နေဘွားက တဟားဟားရယ်နေသည်။

"အမေက သဘောကျအောင် မြှောက်ပြောတတ်သားပဲ၊ သူများတွေက ငါးဆယ်လောက် ချည်း မှန်းကြတာဗျ"

ကြံကြံဖန်ဖန် ဆရာက ပင်ပန်းလို့ အသားတွေ နေလောင်ပြီး ညိုညစ်နေတာ သေချာကြည့် ရင် မရင့်ရော်ပါဘူး

"ဟုတ်ပါပြီ၊ ဆေးကို မနာအောင် ထိုးပေးလိုက်မယ်၊ လာလေ"

အမယ်ကြီး တဟဲဟဲ သဘောခွေ့ကာနေသည်။

"ဆရာကလဲ လူပျိုလား"

"အဲဒါကော ဘာပြုလို့မေးတာတုံး"

"သိချင်လို့ပေါ့ ဆရာရယ်"

"လူပျိုဆိုရင် အမေရှာပေးမလား"

ကိုကိုသည်ဆေးဝယ်လာသူတစ်ယောက် ယူလာသော ဆေးလက်မှတ်ကို လက်ရေးမဖတ် တတ်ဆိုကာ စိမ်းနုကိုလှမ်းပေးနေသည်။ စိမ်းနု လှမ်းယူသော်လည်း မဖတ်အားဘဲ ဆေးခန်းထဲသို့ နားစွင့်ကာသာ နေမိ၏။

"အမေရှာပေးဖို့ မလိုပါဘူး သားရယ်၊ ဆရာဝန်ဆို လိုချင်တဲ့လူ ပေါလွန်းလို့"

"ဟာ ...... ရှာပေးဖို့ လိုတာပေ့ါအမေရယ်၊ ကျွန်တော်လို ဂေါ်မစွံတဲ့ ဆရာဝန်တွေက တပုံ ကြီးအမေရ......."

"အမလေး...... မလိုချင်လို့ မဂေါ်တာ ဖြစ်မှာပါတော်၊ ဂေါ်ရင် စွံလွန်းလို့မှ ......."

စိမ်းနုသည် ရင်ထဲမှာ ပေ့ါပါးလန်းကြည်သွားတာကို ကိုယ့်ဘာသာ ရှက်နိုးမိရင်း ယောင် ယောင်မှားမှားနှင့် ကိုကို့အားဆေးစာရွက်ကို မဖတ်ဘဲ ပြန်ပေးမိသည်။

"ဩော် ....... မေမေကလဲ ဘာရေးထားလဲဖတ်ပါဦးဆိုနေတာ"

သည်တော့မှ စာရွက်ကို ပြန်ကြည့်သည်။

"စတန်းဒါးစလင်၊ တစ်နေ့လေးကြိမ် နှစ်ကပ်တဲ့၊ ဆရာဝန်လက်ရေးကလဲ ဖတ်ရခက်လိုက် တာနော် ......."

တကယ်တော့ သည်ဆေးလက်မှတ်ရေးသည့် ဆရာဝန့်လက်ရေးကတော့ ဖတ်ရမခက်လှ ပါ၊ စိမ်းနုကိုက မဖတ်လိုက်တာ မဟုတ်လား။

"အဲဒါ ကိုကိုတို့မှာ ရှိလို့လား ......."

"ရှိတယ်လေ၊ ညာဘက်ထောင့်မှာ၊ အမ်ပစ်စလင်ပါပဲ၊ ဆေးတောင့်ဖြူတွေ၊ ဆာဗီက လိုဖင်လို မျိုး အဖြူတောင့်တွေ၊

သူကဆယ်တောင့်ပါတယ်၊ ဆာဗီကလိုဖင်က ရှစ်တောင့် ပဲပါတာ၊ ဖတ်ကြည့် လေ”

ဆေးတွေက အမျိုးအမည်အသစ်အဆန်း သိပ်ပေါ်ထွက်လာတာမဟုတ်၊ မျက်စိလည်ရတာ က မြန်မာ၊ ထိုင်း၊ တရုတ်၊ ဂျာမနီ၊ ဟော်လန်၊ ဂျပန် စသော နိုင်ငံအမျိုးမျိုးရှိ ကုမ္ပဏီများမှပေးသော နာမည်အမျိုးမျိုး ဆေးပုံစံတွေက အမျိုးမျိုး၊ ပြီးတော့ ဈေးနှုန်းတွေကလည်း အမျိုးမျိုးလေ။

ခုပဲကြည့်လေ၊ ဘီပီအိုင်က အမ်ပစ်စလင်ဟူ၍ ဆေးဝါးအမျိုးအမည်နာမအတိုင်း နီညို ရောင် ဆေးတောင့်တွေကို ထုတ်ဝေသည်။ အဲဒါကိုပဲ ရှစ်တောင့်ကပ်တွေ လာတာက ဆာဗီစလင်၊ ဆယ် တောင့်ကပ်တွေကျတော့ စတန်းဒတ်စလင် စသည် စသည်။

“ဒါက ဘယ်ဈေးလဲ မေမေ”

“သားရေ ဒါက ဆယ့်ရှစ်၊ စိန်ဂျွန်းမှာ ဆယ့်ခုနစ်ခွဲနဲ့ ယူလာတာ”

“သူက တစ်ရက်စာပဲ ယူသွားမယ်တဲ့”

“ပေးလိုက်ပါ၊ အမှန်တော့ အကြွေးရောင်းရရင် တစ်တောင့်နှစ်ကျပ်နဲ့ ရောင်းတာ၊ ငါ့တူက ဒီဈေးကပဲမဟုတ်လား၊ မျက်နှာသိတွေဆိုတော့ ကဒ်ဈေးပဲ ထားပေးလိုက်မယ်၊ ဘယ်ဆေးခန်းမှာ ပြ ခဲ့တာလဲ”

“ကျွန်တော့်အဖေပြတာပါ၊ သမဆေးခန်းပါပဲ၊ ဒီမှာဆေးစုံတာတော့သိတယ်၊ ဟိုမှာ ရှိသ လောက်ဆေးက ဈေးသက်သာလို့ ဟိုမှာဘဲပြလိုက်တာ”

“ကောင်းပါတယ်၊ ဒီကတော့ ဆေးအကုန်လုံး အပြင်ဈေးနဲ့ ဝယ်ရတော့ ပေါက် ဈေးအတိုင်းပဲ ရှင်၊ ဟိုမှာ မသက်သာရင်တော့ လာခဲ့ပေ့ါ၊ ကျွန်မတို့ ဆရာက သင်တန်း ဆင်း မဟုတ်ဘူး၊ လုပ်သက် ဆယ်နှစ်ကျော်ပြီ၊ အချုပ်အလုပ် အခွဲအစိတ်လဲ ကျွမ်းတယ် ရှင့်၊ အတွေ့ အကြုံက များပြီလေ”

ဆေးဝယ်သူသည် စမ်းသပ်ခန်းဝ စိတ်ဝင်စားစွာငေးကြည့်နေလျက် ကိုကိုကတော့ မျက်နှာ အထား ခက်ဟန် စိမ်းနုကိုဟန့်တားသော အမူအရာ ပြလေ၏ ။

စမ်းသပ်ခန်းဝမှာ နေဘွား၊ သူသည် ပထမအကြိမ် အဖြစ် ပြောင်ချော်ချော် မျက်နှာပေးဖြင့် စိမ်းနုကို ပြုံးစစ လုပ်ကာကြည့်နေလေသည်။

"လူနာ ဆွယ်တရားဟောနေမိသော စိမ်းနု ရှက်အမ်းအမ်းနှင့် ......"

"ဩော် ...... ဆရာ၊ သူက ဒက်ပို"

ဆိုကာ ဆေးခန်းထဲ ဝင်လာလူနာ အမျိုးသမီးအား နေဘွားထံ လက်ညှိုး ညွှန်ပြလိုက်ရလေ သည်။

ပဋိသန္ဓေတားဆေး ဒက်ပိုးတစ်လုံးကို သုံးဆယ့်ငါးကျပ်နှုန်းနှင့် ဝယ်ထားရသည်။ ယင်းသုံး လခံ ပဋိသန္ဓေ တားဆေးတွေကို ဆယ်လုံးထိုး ပုလင်းကြီး သုံးနိုင်မှ ပို၍ အမြတ်ကျန်လေသည်။ တစ်လုံးလျှင် ထိုးခ လေးဆယ့်ငါးကျပ် ယူသည်။ ဆေးဖိုး သုံးဆယ့်ငါးကျပ် နှုတ်လိုက်ပြီး ကျန်ငွေထဲ မှ စိမ်းနုခြောက်ကျပ် ရလေသည်။

တန်ဖိုးကြီးသော ဆေးတွေကို ဆေးဖိုးနှုတ်ပြီးမှ ပိုင်ရှင်နှင့် ဆရာဝန် ခွဲဝေရတာ ကို ဒေါ်စန္ဒာ ကြည်တော့ ဆရာ့ကို ပြောပြီးပြီ ထင်ပါရဲ့၊ တခြား ဆရာဝန်တွေကို စိမ်းနု လေးလေးစားစား၊ သို့ သော် ပြတ်သားသော စီးပွားရေး အတွက်အချက်တွေနှင့် ရှင်းပြနိုင်ခဲ့သော်လည်း နေဘွားနှင့် ကျ တော့ တုံ့ဆိုင်း နှုတ်ဆွံ့နေရလေသည်။

သည်ကနေ့တော့ ပြောကို ပြောမှ ဖြစ်တော့မည်။

"စိမ်းနုသည် လူနာအမယ်အိုကို အမ်ပစ်စလင် တစ်ပုလင်းထုတ်ကာ ရောင်းသည်။ အမယ်အို လေးရက်စာ မဝယ်နိုင်သေး။ ဒါဖြင့် တစ်ရက်စာ

လေးတောင့် တစ်ဆယ်ကျပ်၊ ပြီးတော့ ထိုးဆေးဖိုး တစ်ကျပ်၊ ဆေးထိုးအပ်တို့၊ ဆေးထိုးပိုက်တို့ အရင်းအနှီး၊ မီတာ အရက်ပြန်၊ ဒါတွေတော့ နိဗ္ဗာန်ပစ္စယော ဟောတုပဲလေ.......”

***